# ကြေးမုံ

The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 9 December 2022 ၁၀၉၄၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

**(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပသည်။**

အခမ်းအနားသို့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲမှ စကားသံများ**

စာမျက်နှာ » ၉

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ** Russian State Atomic Energy Corporation "ROSATOM" **တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၁၂





**ပညာပြည့်ဝ နှလုံးလှ ပညာရှင်များ မွေးထုတ်မည့် အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# မွန်မြတ်သည့်ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပေါ်နေစဉ်ကာလတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ ထိုအခါ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ၌ နိုင်ငံရေးပယောဂများ ဝင်ရောက်လွှမ်းမိုးပြီး ကျန်းမာရေးကဏ္ဍ ယိုင်လဲလုနီးပါး ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူများမှာ အားကိုးရာမဲ့ပြီး အခက်အခဲများဖြစ်ခဲ့ရာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များက လိုအပ်သည့်နေရာများ၌ အရေးပေါ်ကူညီကုသပေးခဲ့သည်။

လိုအပ်နေသော အခြေခံပြည်သူ့ကျန်းမာရေးကို ဖြည့်ဆည်းစောင့်ရှောက်ပေးရာ၌ သူနာပြုလုပ်ငန်းသည် အခြေခံကျသည့်ကဏ္ဍဖြစ်သည်။ ပြည်သူ့ကျန်းမာရေးအတွက် အရေးပေါ်လိုအပ်နေချိန်တွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသည့် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းစွမ်းဆောင်ခဲ့မှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ယခုအခါ အခြေခံပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြန်လည်ဖြည့်ဆည်းပေးနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ်နှစ်ခု၊ သူနာပြုသင်တန်းကျောင်း ၂၇ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၃ ကျောင်း၊ နီးနွှယ်သင်တန်းကျောင်း သုံးကျောင်းအပါအဝင် သင်တန်းကျောင်း ၅၃ ကျောင်းတို့မှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာ လက်ရှိတွင် သင်တန်းသား သင်တန်းသူ ၃၆၅၂ ဦး သင်ကြားလျက်ရှိသည်။

သားဖွားသင်တန်းကျောင်းများတွင် (ပထမနှစ်) ဘက်စုံသားဖွား ဒီပလိုမာ သင်တန်းသူ ၅၂၁ ဦး တက်ရောက်သင်ကြားနေပြီး သူနာပြုတက္ကသိုလ်(မန္တလေး)တွင် သူနာပြုသိပ္ပံဘွဲ့ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်သင်ကြားနေသည်။ သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် တက်ရောက်သင်ကြားနေသော သူနာပြုသိပ္ပံဘွဲ့ ကျောင်းသား ကျောင်းသူ ၅၁၇ ဦးခန့်ရှိပြီး ၂၀၂၃ ခုနှစ်တွင် တက်ရောက်သင်ကြားမည့် (ပထမနှစ်) သူနာပြု-သားဖွားဒီပလိုမာ သင်တန်းသား သင်တန်းသူ ၄၀၄၅ ဦး ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း၌ သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးသည့် သူနာပြုသားဖွားဒီပလိုမာအောင်မြင်သူ ၁၅၇ ဦး အပါအဝင် သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းမှ ၈၄၃ ဦးနှင့် သူနာပြုသိပ္ပံဘွဲ့ရရှိသူ ၄၂ ဦး စုစုပေါင်း ၈၈၅ ဦးကို သစ်လွင်သူနာပြုများအဖြစ် တာဝန်ပေးအပ်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် သူနာပြုသားဖွား မွေးထုတ်ပေးနိုင်မည့်ဦးရေမှာ သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းတွင် ၁၈၄၆ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)သင်တန်းတွင် ၃၇ ဦး၊ ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ၁၇၇ ဦး စုစုပေါင်း၂၀၆၀ ရှိပြီး ၎င်းတို့အားလုံး သင်တန်းပြီးဆုံးပါက ကျန်းမာရေးဝန်ကြီးဌာနတွင် သစ်လွင်သားဖွားသူနာပြုများအဖြစ် တာဝန်ပေးခန့်အပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုများအား ပညာရှင်ချီးမြှင့်စရိတ်နှင့် ညစာစားစရိတ်များကို ခံစားခွင့်ပြုပေးထားသည်။ ထို့အပြင် ဝတ်စုံစရိတ်၊ စားစရိတ်များကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်တိုးမြှင့်ပေးခဲ့သည်။ ရာထူးတိုးအခွင့်အလမ်းအဖြစ် သူနာပြုဆရာမကြီးများအား အရာရှိလစာတိုးမြှင့်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံရပ်ခြားသို့ သူနာပြုစုခြင်းအတတ်ပညာများ လေ့လာဆည်းပူးခွင့်ပြုခြင်းနှင့် နေထိုင်ရန် ဝန်ထမ်းအိမ်ရာများကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်လူသားအရင်းအမြစ်များဖြစ်လာစေရန် နိုင်ငံတော်အစိုးရက များစွာရင်းနှီးမြှုပ်နှံမွေးထုတ်ပေးလျက်ရှိရာ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရက ကျန်းမာရေးဝန်ထမ်းများအား အတတ်နိုင်ဆုံးဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိပြီး နိုင်ငံတော်က ပေးအပ်သော နိုင်ငံ့တာဝန်နှင့်ပြည်သူများ၏အကျိုးအတွက် အနည်းဆုံး နိုင်ငံ့တာဝန် သုံးနှစ် ထမ်းဆောင်ရန်လိုအပ်သည်။ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တာဝန်ပေးထားသူများဖြစ်၍ နိုင်ငံရေးအရောင်အသွေး မရောယှက်ဘဲ ပြည်သူကို ကြည်ဖြူစွာကုသစောင့်ရှောက်ပေးရန်လိုအပ်သည်။ မည်သည့်အခြေအနေတွင်မဆို လူနာများကို တာဝန်မဲ့စွာ စွန့်ခွာသွားခြင်းမပြုလုပ်ဘဲ သူနာပြုကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မွေးထုတ်ပေးခဲ့သော ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံ့တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ထမ်းရွက်ရာ၌ တာဝန်ကျရာဒေသအသီးသီးတွင် ပြည်သူလူထုကို နွေးထွေးပျူငှာစွာ ပြုစုကုသစောင့်ရှောက်ပေးခြင်းဖြင့် မွန်မြတ်သည့်ဂုဏ်ကို ထာဝရထိန်းသိမ်းမြှင့်တင်ကြရမည် ဖြစ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၈

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို မဲခွဲဆုံးဖြတ်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းခဲ့သော ဒီဇင်ဘာ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိသည့်နည်းတူ မိမိနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၀ | ၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁,၇၂၈ | ၅,၇၈၈,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၄၁ | ၃၁၅,၇၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၂ | ၂၃၄,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၂၃ | ၃၁၉,၈၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၀၀ | ၂၇၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၇၀ | ၃၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၀၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၂၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၃၁၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၇.၂၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၇၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၀.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၆.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၂.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ယနေ့စတင်ကျင်းပတဲ့ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွှယ်ပညာရှင် ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း အခုလို အေးမြတဲ့ ဥတုရာသီကာလမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များနဲ့ နှီးနွှယ်ပညာရှင်များ ပျော်ရွှင်ချမ်းမြေ့စွာ၊ ချစ်ခင်ရင်းနှီးစွာ ဆုံတွေ့ကြပြီး အသိပညာနဲ့ အတွေ့အကြုံတွေ ဖလှယ်ခွင့်ရရှိခဲ့တာ အခုနှစ်ဆိုလျှင် (၂၁)ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းရင်းဆေးသမားတော် မျိုးဆက်အဆင့်ဆင့်တွေ နှစ်စဉ်မပျက်မကွက်တက်ရောက်ခဲ့ကြတဲ့ အစဉ်အလာအတိုင်း အခုနှစ်မှာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးသမားတော်များ စုံစုံညီညီ ပါဝင်တက်ရောက်၊ ဆွေးနွေးညှိနှိုင်း၊ တိုင်ပင်ကြမယ့် ညီလာခံအခါသမယမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကြည်နူးဝမ်းမြောက်စွာနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ ရှေးဘုရင်များလက်ထက် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်ကတည်းက ထွန်းကားလာခဲ့တဲ့ ဆေးပညာတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အားကိုးယုံကြည်စွာနဲ့ လက်ဆင့်ကမ်း သုံးစွဲခဲ့ကြတဲ့ ဆေးပညာလည်းဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ နေထိုင်ကြကာ ကျန်းမာအသက်ရှည်ခဲ့ကြပြီး နိုင်ငံကိုကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါတယ်။ မြန်မာ့ဆေးပညာဟာ နယကြီးလေးပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ ဖြစ်တဲ့အတွက် မြန်မာ့ရေမြေသဘာဝနဲ့ ကိုက်ညီပြီး တခြားနိုင်ငံတွေက ဆေးဝါးတွေနဲ့မတူဘဲ အဆင့်မီတဲ့ ယှဉ်ဖက်ဆေးပညာတစ်ရပ်အဖြစ်နဲ့ သမိုင်းအဆက်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

အစဉ်အလာကြီးမားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**တိုင်းရင်းဆေးပညာရှင်များနဲ့ တက်ရောက်လာကြသူများခင်ဗျား**

အခုလို တိုင်းရင်းဆေးပညာရှင်များရဲ့ စည်းလုံးညီညွတ်မှုနဲ့ ပြည်သူလူထုကျန်းမာရေးကို အထောက်အကူပြုနိုင်ဖို့ အားထုတ်ကြိုးပမ်းကြတဲ့ မြင်ကွင်းကို တွေ့မြင်ရတဲ့အတွက်လည်း နှစ်ထောင်းအားရများစွာဖြစ်မိပါတယ်။ စည်းလုံးညီညွတ်မှုဆိုတာ မျိုးဟာ မည်သည့်အဖွဲ့အစည်းအတွက်မဆို တောင့်တင်းခိုင်မာတဲ့ ခွန်အားတစ်ရပ်ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာလည်း စည်းလုံးညီညွတ်မှုကို တန်ဖိုးထားကြသူများဖြစ်ပြီး စည်းလုံးညီညွတ်မှုအားဖြင့် တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုနေတယ်လို့ ယုံကြည်မိပါတယ်။ တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ **ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့** မြင့်မြတ်တဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံနဲ့ လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာနဲ့ အားကိုးအားထားပြုနေရတဲ့ ပညာရှင်များဖြစ်ကြပါတယ်။ မိမိတို့လူမျိုး ဘိုးဘေးဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမွေအနှစ်များထဲက အဓိကကျပြီး ပြည်သူအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမွေခံထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များကို ထာဝစဉ်ဂုဏ်ယူလေးစားလျက်ရှိကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။

> **“မြန်မာ့တိုင်းရင်းဆေးသမားတော်များဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုတဲ့ မြင့်မြတ်တဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာကို ပိုင်ဆိုင်သူများဖြစ်ကြပြီး နိုင်ငံနဲ့ လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာနဲ့ အားကိုးအားထားပြုနေရတဲ့ ပညာရှင်များဖြစ်ကြပါတယ်။ မိမိတို့လူမျိုး ဘိုးဘေးဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့တဲ့ အမွေအနှစ်များထဲက အဓိကကျပြီး ပြည်သူအတွက် အလိုအပ်ဆုံးဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမွေခံထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များကို ထာဝစဉ်ဂုဏ်ယူလေးစားလျက်ရှိ”**

အခုနှစ်ညီလာခံမှာ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများအနေနဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ အရည်အချင်းနဲ့ ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းပြည်ပရှိ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ မှန်ကန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များကို အခြေခံပြီး ဆွေးနွေး၊ တိုင်ပင်၊ နှီးနှောဖလှယ်ကြမှာဖြစ်လို့ အကျိုးရှိမယ့်ရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာဖြစ်ကြောင်း ယုံကြည်မိပါတယ်။ ဒ့ါအပြင် မြန်မာ့ရိုးရာတိုင်းရင်းဆေးကုထုံးဆိုင်ရာ အတွေ့အကြုံတွေနဲ့ ပညာရပ်ဆိုင်ရာအယူအဆတွေကိုပါ နှီးနှောဖလှယ်ကြမှာဖြစ်လို့ တိုင်းရင်းဆေးပညာ အမွေအနှစ်များ ပေးဝေသူနဲ့ ဆက်ခံသူတို့ရဲ့ အနာဂတ်အတွက် အဖိုးတန်မွန်မြတ်လှတဲ့ တွေ့ဆုံပွဲလို့ဆိုရမှာ ဖြစ်ပါတယ်။

ယခုခေတ်ကာလမှာ အနောက်တိုင်းဆေးပညာဟာ ဖွံ့ဖြိုးတိုးတက်လာတာမှန်ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ပြည်သူတွေဟာ မိမိတို့ရဲ့ သဘာဝတိုင်းရင်းဆေးများနဲ့ ကုသတဲ့ တိုင်းရင်းဆေးကုထုံးတွေကို လက်မလွှတ်ဘဲ အားကိုးအားထားပြုသုံးစွဲကုသနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တစ်မျိုးသားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ချက်ထားပြီး လတ်တလောဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရေးကို ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဗီဇမျိုးကွဲ အမျိုးမျိုးပြောင်းလဲပြီး ကူးစက်မှုနှုန်း မြန်ဆန်ရုံသာမက အချိန်တိုအတွင်း ကင်းစင်ပပျောက်စေနိုင်မယ့် ရောဂါမျိုးမဟုတ်ဘဲ ဆက်လက်တည်ရှိနေနိုင်သေးတာကြောင့် နိုင်ငံတကာမှာ သူတို့ရဲ့ တိုင်းရင်းဆေးနဲ့ ကာကွယ်ကုသနိုင်ဖို့ ဆောင်ရွက်နေကြတဲ့နည်းတူ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရပေမယ့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ကုသရေးများကို အလေးထားစီမံဆောင်ရွက်ခဲ့သလို တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တက်ညီလက်ညီနဲ့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ခဲ့ကြလို့ အချိန်တိုအတွင်းမှာ ကူးစက်ပြန့်ပွားမှုနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ကြတဲ့အတွက် တာဝန်ရှိသူများနဲ့ တိုင်းရင်းသားပြည်သူများအားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း အခါအခွင့်သင့်တုန်းမှာ ပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ကုသနိုင်မယ့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉နဲ့ အလားတူ ရာသီတုပ်ကွေးရောဂါများမှာ အသုံးပြုနိုင်မယ့် မာဓဝနိဒါန်းဆေးကျမ်းလာ ဆေးခါးကြီးပါဝင်တဲ့ ဝိသမအဖျားပျောက်ဆေးကို အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လူနာများမှာ အန္တရာယ်ကင်းရှင်းပြီး ဘေးကင်းလုံခြုံမှုရှိဖို့အတွက် လတ်တလောအဆိပ်အာနိသင်နဲ့ ရေတိုအဆိပ် အာနိသင် ရှိ/မရှိ တို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ ဆေးရဲ့ခံနိုင်ရည်အားကို မိမိဆန္ဒအလျောက် သုတေသနစမ်းသပ်မှုတွင် ပါဝင်လိုတဲ့ ကျန်းမာတဲ့ လူများအပေါ်မှာ စမ်းသပ်ခြင်း၊ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါအတည်ပြု သာမန်လက္ခဏာရှိတဲ့ လူနာများပေါ်မှာ စမ်းသပ်ခြင်း၊ သုတေသနအဆင့်ဆင့်တို့ကိုပြုလုပ်ပြီး ဆေးဝါးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေတာကြောင့် တိုင်းရင်းဆေးပညာရှင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသခြင်းဆိုင်ရာ လမ်းညွှန်များ ချမှတ်ဆောင်ရွက်လျက်ရှိကြတာကို အားရဖွယ်ရာ တွေ့မြင်ရပါတယ်။ မိမိတို့ရဲ့ သွေးရင်းသားရင်းများဖြစ်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကို မိမိတို့ရဲ့ ပြည်တွင်း တိုင်းရင်းဆေးဝါးများနဲ့ ထိထိရောက်ရောက် ကာကွယ်ကုသနိုင်ရေး ပိုမိုကြိုးစားကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။

**စာမျက်နှာ ၄ သို့** »»»

»»» စာမျက်နှာ ၃ မှ

**တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တိုင်းရင်းဆေးပညာရှင်များခင်ဗျား**

မြန်မာ့တိုင်းရင်းဆေး သမားတော်များဟာ ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကို အသုံးပြုပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဆေးဝါးများ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မယ့် အစွမ်းထက်မြက်တဲ့ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းတွေ၊ ကုသနည်း ကုထုံးများပေါ်ထွက်လာစေရေးတို့အတွက် ဆေးပစ္စည်းများ၏ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ တိုင်းရင်းဆေးဝါးများအား သိပ္ပံနည်းကျသုတေသနပြုခြင်းများ ဆောင်ရွက်ရာမှာ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ လိုအပ်မည်ဖြစ်ကြောင်းကိုလည်း မှာကြားတိုက်တွန်းလိုပါတယ်။

သိမ်မွေ့နက်နဲတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးကျမ်းများနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးများရဲ့ အနှစ်သာရအဆီအနှစ်တွေကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ဖြစ်ထွန်းရပ်တည်နေစေဖို့ စုပေါင်းစွမ်းအားနဲ့ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြဖို့ကိုလည်း ထပ်လောင်းမှာကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ ရိုးရာအမွေအနှစ်ဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အရိုးပေါ်အရွက်မဖုံးစေဘဲ အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားဖို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ယနေ့အချိန်အခါမှာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်လို့ ကောင်စီရဲ့ များပြားကြီးမားတဲ့ တာဝန်တွေထဲက တိုင်းရင်းဆေးပညာရှင်များရဲ့ ဆေးပညာကျင့်ဝတ်ထိန်းသိမ်းခြင်းကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုကြောင်း မှာကြားလိုပါတယ်။

အခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းဟာလည်း မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်လျက်ရှိပါတယ်။ ဒီလို ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတွေ ကျင်းပနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ်ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေက ပညာရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးနဲ့ မြန်မာနိုင်ငံအနှံ့အပြားက တိုင်းရင်းဆေးသမားတော် ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့နဲ့ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းစတဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကဏ္ဍပေါင်းစုံက ကိုယ်စားလှယ်တော်ကြီးများ ဆုံစည်းဆွေးနွေးဖလှယ်ခွင့် ရရှိနိုင်ကြတာဖြစ်လို့ အထူးပဲအကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်မိပါတယ်။

ယခု (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ချစ်ခင်ရင်းနှီး၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်နှီးနှောကြပြီး နိုင်ငံနှင့် ပြည်သူအတွက် မြန်မာ့တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ တိုင်းရင်းဆေးပညာနဲ့ ပိုမိုတိုးမြှင့်စောင့်ရှောက်နိုင်ကြရေးအတွက် ပူးပေါင်းကြံဆောင်၍ အဆိုပြုချက်များ တင်သွင်းခြင်း၊ ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ဖြင့် အကျိုးရှိကောင်းမွန်တဲ့ ရလဒ်များ ရရှိနိုင်ကြပါစေကြောင်း ဆုမွန်တောင်း မေတ္တာပို့သလျက် နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

---

❑ ရှေ့ဖုံးမှ

တိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေး ပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သည့် အမျိုးသားဆေးပညာတစ်ရပ်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်မရေသောက်မြစ်ဖြစ်သည့် ဒေသနာ နယ၊ ဘေသဇ္ဇ နယ၊ ဝိဇ္ဇာဓရ နယနှင့် နက္ခတ္တ နယ ဟူသော နယကြီးလေးပါးတို့ကို အခြေတည်ထားသော လက်တွေ့ကုသပျောက်ကင်းမှု မှတ်တမ်းများကို အခြေပြု၍ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်တွင်လည်း ဆေးပညာဆိုင်ရာ ပေပုရပိုက်များ၊ စာပေကျမ်းဂန်များနှင့် ဆေးကျမ်းများရေးသားပြုစုကာ တိုင်းရင်းဆေးပညာကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်ကစတင်၍ နိုင်ငံတော်အဆင့် နှစ်စဉ်ကျင်းပခဲ့ပြီး ယခုဆိုလျှင် (၂၁)ကြိမ်မြောက်ရှိပြီဖြစ်သည့် အခြေအနေများ၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သုတေသနများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး သုတေသနတွေ့ရှိချက်များကို မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံနှင့် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲများတွင် တင်သွင်းဖတ်ကြားကြခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံသော သုတေသနများ

စာမျက်နှာ ၅ သို့ ❑

❖ **မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်မှ ယနေ့မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သည့် အမျိုးသားဆေးပညာတစ်ရပ်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်မရေသောက်မြစ်ဖြစ်သည့် ဒေသနာ နယ၊ ဘေသဇ္ဇ နယ၊ ဝိဇ္ဇာဓရ နယနှင့် နက္ခတ္တ နယဟူသော နယကြီးလေးပါးတို့ကို အခြေတည်ထားသော လက်တွေ့ကုသပျောက်ကင်းမှု မှတ်တမ်းများကို အခြေပြု၍ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်တွင်လည်း ဆေးပညာဆိုင်ရာ ပေပုရပိုက်များ၊ စာပေကျမ်းဂန်များနှင့် ဆေးကျမ်းများ ရေးသားပြုစုကာ တိုင်းရင်းဆေးပညာကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❑ စာမျက်နှာ ၄ မှ

ဆက်လက် ဆောင်ရွက်လာနိုင်စေပြီး တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့် အခြေအနေများ၊ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များ၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲနှင့် ညှိနှိုင်းဆွေးနွေးနိုင်မည့် အခြေအနေများ၊ အဆိုပြုချက်များ၊ ထောက်ခံချက်များ၊ တင်ပြဆွေးနွေးချက်များမှ ထွက်ပေါ်လာသော လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်အခြေအနေများ၊ မျိုးဆက်သစ်တိုင်းရင်းဆေးသမားတော်များ အနေဖြင့်လည်း မြန်မာတိုင်းရင်းဆေးပညာကို ဂုဏ်ယူဝင့်ကြွားစွာ ချပြနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန်ဆက်လက်ဆောင်ရွက်သွားရမည့်အခြေအနေများ၊ မြန်မာတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းသည် နိုင်ငံတော်၏ MSME လုပ်ငန်းများ အောင်မြင်ရေးတွင်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်သည့်အတွက် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားမှုကိုလည်း အထောက်အကူပြုနိုင်မှု အခြေအနေများ၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေး ထုတ်လုပ်ရေး လုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း Video ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဆက်လက်ကျင်းပသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းနှင့် ညစာစားပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာ့ရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့သည်။ ညစာစားပွဲအပြီးတွင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအား (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာကိစ္စ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးများက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုစကားပြောကြားစဉ်။

## မိတ်ဆက်တင်ပြ

အခမ်းအနားတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအားလုံးကို ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကားပြောကြားလိုကြောင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ထမ်းများသည် Diplomacy is the first line of Defence ဆိုသည့် စကားရပ်နှင့်အညီ သံခင်းတမန်ခင်းနည်းလမ်းများဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို ရှေ့တန်းမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရသူများဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီးပေးအပ်သည့်တာဝန်များကို သစ္စာရှိရှိ တာဝန်ကျေပွန်စွာထမ်းရွက်ကြသည့် ဝန်ထမ်းများကို ဝန်ကြီးဌာနအနေဖြင့် လေးလေးနက်နက် စိစစ်သုံးသပ်ပြီးမှ ယခုကဲ့သို့ ရွေးချယ်တာဝန်ပေးစေလွှတ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံတမန်ဝန်ထမ်းများအနေဖြင့် သံတမန်များလိုက်နာဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန်(၅)ရပ်ကို လိုက်နာတာဝန်ကျေကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ အဓိကလုပ်ငန်းတာဝန်(၅) ရပ်အနေဖြင့် Representation (နိုင်ငံကိုကိုယ်စားပြုခြင်း)၊ Protection (ကာကွယ်စောင့်ရှောက်ခြင်း)၊ Negotiation (စေ့စပ်ညှိနှိုင်းခြင်း)၊ Reporting (သတင်းအချက်အလက်များ စုဆောင်း၍ ပြန်လည်တင်ပြအစီရင်ခံခြင်း)နှင့် Promotion (နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခြင်း)တို့ ဖြစ်ကြောင်း၊ နိုင်ငံကိုကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သောကြောင့် ဝန်ထမ်းသည် အမျိုးသားနိုင်ငံရေးကို သစ္စာရှိရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် သစ္စာရှိရန်နှင့် မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိရန် အထူးမှာကြားလိုကြောင်း၊ နောက်ဆုံးအနေဖြင့် ဝန်ထမ်းများအားလုံး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် ရောက်ရှိသည့်နေရာမှ ရရှိသည့်ဗဟုသုတများကို အကျိုးရှိစွာ အသုံးချနိုင်ရေး လေ့လာဆည်းပူးကြပါရန် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ယနေ့အခမ်းအနားတွင် အချက်(၃) ချက် မှာကြားလိုကြောင်း၊ Be all with the Diplomat ကြံ့ကြံ့ခိုင်ခိုင်နှင့် အရာအားလုံးကို ရင်ဆိုင်နိုင်သည့် သံတမန်တစ်ယောက်ဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း၊ Be a good Diplomat သံတမန်ကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ကြရန်ဖြစ်ကြောင်းနှင့် Keep yourself fit for Duty ပေးအပ်သည့်တာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ရန် အမြဲတမ်းအသင့်ရှိနေရန် မှာကြားလိုကြောင်း၊ ယခု သွားရောက်တာဝန်ထမ်းဆောင်မည့်သူများတွင်သံရုံးစာရေးမှစ၍ သံမှူးအထိ ပါဝင်ကြောင်း၊ မိမိအဆင့်အလိုက် ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ရန် အမြဲတမ်းပြင်ဆင်လေ့ကျင့်ဖြည့်ဆည်းနေရန် လိုကြောင်း၊ နှစ်လိုဖွယ်ရှိပြီး ပုံရိပ်ကောင်းသည့်သံတမန်ကောင်းဖြစ်ရန်၊ Personality ကောင်းသည့်ဝန်ထမ်းများဖြစ်ရန်နှင့် ကျန်းမာရေး ဂရုစိုက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ လေးရပ်နှင့်အညီ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ မယ်ဖားလုံဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တို့တွင် ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

**စာပေမြင့်မှ လူမျိုးတင့်မည် စာအုပ်စာပေ လူ့မိတ်ဆွေ**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း (Advanced Accounting and Auditing Training School) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးတို့က အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သင်တန်းကျောင်းဆောင်ရှေ့မြက်ခင်းပြင်တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သင်တန်းကျောင်းကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများ၊ Theatre ခန်းမ၊ စာကြည့်တိုက်နှင့် သင်တန်းသားအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ သင်တန်းကျောင်း၊ မြေညီထပ် ခတ္တာခန်းမတွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းသီချင်း Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းကို ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ခန့်အပ်ခဲ့သည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေမည့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများနှင့် စာရင်းပညာရပ်ဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် အရည်အချင်းပြည့်ဝပြီး ကျင့်ဝတ်သိက္ခာ မြင့်မားသည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံးအတွက် စာရင်းကိုင်နှင့် စာရင်းစစ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်နှင့် စာရင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခုသင်တန်းကျောင်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့် သင်တန်းကျောင်းကြီး ပေါ်ထွက်လာခြင်းဖြစ်သဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ ဂုဏ်ယူဖွယ် မော်ကွန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ စာရင်းပညာနှင့် စာရင်းစစ်ပညာရပ်များသာမက စာရင်းကိုင်နှင့် စာရင်းစစ်ကျင့်ဝတ်များ လိုက်နာဆောင်ရွက်ရေးနှင့် စိတ်ဓာတ်နှင့်ခံယူချက်မြင့်မားရေးတို့ကိုလည်း အလေးထားသင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ ဆက်လက်၍ နိုင်ငံတကာအဆင့်မီ သင်ကြားမှုနည်းစနစ်နှင့် ခေတ်မီသင်ကြားရေးပစ္စည်းများဖြင့် သင်ကြားပို့ချနိုင်ရန်အတွက်လည်း လိုအပ်သည့် အရင်းအမြစ်များကို နှစ်စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခိုင်ခိုင်အောင်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ၊ လက်ရှိဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ တိုးချဲ့ဖွင့်လှစ်သွားမည့်သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol VISITSTUMP ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အစဉ်အလာအားဖြင့် တည်ရှိသည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan နှင့် အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆိုင်ရာဆက်စပ်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်နေမှု၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးမှုနှင့် ယင်းလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် နည်းလမ်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ မြန်မာနိုင်ငံ၏ လူဦးရေ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်၊ ဒေါက်တာမျိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့၏ (၂၈)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ





မန္တလေး ဒီဇင်ဘာ ၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၂၈)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ သင်ကြား/ စီမံ ဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ပရိသတ်အပေါင်းတို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးက ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာတော်သုံးရပ် အကျင့်မြတ်တို့တွင် ကန်ပေါင်ကန်ရိုးသဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော်ကို အဆက်မပြတ် ပို့ချသင်ကြားခြင်း၊ ဒါယကာ၊ ဒါယိကာမများကလည်း စဉ်ဆက်မပြတ် ပြုစုထောက်ပံ့ကြခြင်းဖြင့် ကျန်ပဋိပတ္တိ၊ ပဋိဝေဓ သာသနာနှစ်ရပ်လည်း စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေမည်သာဖြစ်ကြောင်း အစရှိသော သာရဏီယ သြဝါဒကထာ မိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ အရှင်သူမြတ်က ယခုဘွဲ့ခံအရှင်မြတ်တို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမတည်းဟူသော သာသနာသုံးရပ် အကျင့်မြတ်တို့ကို စာတွေ့အားဖြင့် လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း၊ ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားပေးထားသော အမာခံအင်အားများဖြစ်ကြသောကြောင့် သတိမလစ်အမြဲကပ်ပြီး လုပ်ငန်းခွင်တာဝန်များကို ဆောင်ရွက်လုပ်ကိုင်ကြပါဟု သမ္မောဒနီယကထာကို မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

### ဘွဲ့ရအရှင်သူမြတ်များ ဘွဲ့ခံယူခြင်း

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် ဘွဲ့ခံယူပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းဆရာတော်က သာသနတက္ကသီလမဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ခံယူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ခံယူမည့် ရဟန်းတော်တစ်ပါးချင်း၏ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံတွင် အသီးသီး ဘွဲ့ခံယူကြသည်။ ယခုနှစ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ရဆရာတော် ၁၃ ပါး၊ သာသနတက္ကသီလ ဓမ္မာစရိယဘွဲ့ရဆရာတော် ၁၂၄ ပါး ပေါင်း ၁၃၇ ပါး ဘွဲ့ခံယူကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး၏ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာခံယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါး၊ ဘွဲ့ခံရဟန်းတော် ၁၃၇ ပါး စုစုပေါင်း ၁၅၅ ပါးတို့ကို ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သာသနာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်



ရန်ကုန် ဒီဇင်ဘာ ၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သမိုင်းဝင်ဟသ်ာကုန်းစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုသည်။

ယင်းနောက် စေတီတော်ကြီး၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် တည်ဆောက်တပ်ဆင်ခဲ့သည့် လူဦးရေ ၁၂ ဦးစီး ဓာတ်လှေကားကိုလည်းကောင်း၊ သမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တည်ဆောက်တပ်ဆင်ခဲ့သည့် စက်လှေကားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ပရိယတ္တိသဒ္ဓမ္မရက္ခိတအသင်းကြီး၏ (၃၆)ကြိမ်မြောက် သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲကြီးသို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြသော ရဟန်း၊ သာမဏေ၊ သီလရှင် ၁၁၅၅ ပါးတို့ကို ဖူးမြော်ကြည်ညို၍ ဆွမ်းကွမ်း၊ ဝေယျာဝစ္စနှင့် လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် စာမေးပွဲကျင်းပရေးနာယက ပဲခူးမြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဣန္ဒာစာရာလင်္ကာရာဘိဝံသထံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀ ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲအင်းဂူရိပ်သာဇဟိုဌာနချုပ်သို့ သွားရောက်၍ သဲအင်းဂူရိပ်သာ ပဓာနနာယက ဘဒ္ဒန္တဝိလာသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်နှင့် မရမ်းကုန်းမြို့နယ် စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသတို့အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် မိုးကုတ်ဝိပဿနာဌာနချုပ်သို့ ရောက်ရှိ၍ ဒုတိယနာယကချုပ်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ အောင်ဆန်းတောရဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကိတ္တိသာရ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ စန္ဒာဝရာဘိဝံသ ဆရာတော်တို့အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဗဟန်းမြို့နယ် သာသနာ့ဝန်ဆောင် သာမဏေကျော်အသင်းသို့ ရောက်ရှိ၍ စာဖြေသံဃာများ ဆွမ်းကွမ်း၊ ဝေယျာဝစ္စအတွက် အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာဌာနချုပ်သို့ ရောက်ရှိ၍ နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါသဝ(အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘဏ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) တို့အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၃၈)ဖြာမင်္ဂလာ ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ပွဲ ဖြေဆိုအောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ဆရာ ဆရာမကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတော်တို့ပူးပေါင်းကျင်းပသည့် (၃၈)ဖြာမင်္ဂလာ (World Peace) ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ပွဲ အွန်လိုင်းမှ ဖြေဆိုကြရာတွင် အောင်မြင်ကြသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် သင်ကြားရေးဆရာ ဆရာမကြီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက လှိုင်မြို့နယ် ယောဂီကျောင်းလမ်းရှိ The Memorial Venue မြက်ခင်းပြင်၌ ကျင်းပသည်။

ဆုရကျောင်းသား ကျောင်းသူ ၂၇ ဦးတို့အား ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းဆရာတော်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ၊ သုဓမ္မဇောတိဓဇ ဦးတင်မိုးအောင်(ခ)နေရှိုင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ထိုင်းဘတ်ငွေများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်ကြားရေးဆရာ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

**သဘာပတိအဖြစ် ဆောင်ရွက်**

အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမိတ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကက ဦးမြင့်လွင်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းတို့က ဆောင်ရွက်ကြသည်။

ညီလာခံတွင် သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်အာဆာမိက အဆိုပြုချက် အမှတ်(၁)ဖြစ်သော "နယကြီးလေးပါးကိုအခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံး နည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်" အဆိုကိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဒေါ်ခင်မာလင်းက ထောက်ခံဆွေးနွေးသည်။




ယင်းနောက် မွန်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဦးစောလှထူးကျော်က အဆိုပြုချက် အမှတ်(၂) ဖြစ်သော "နဝရတ်ကတိသစ္စာနှင့် သမားတို့၏ ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနှလုံးသွင်း စောင့်ထိန်းပြီး စည်းလုံးညီညွတ်၍ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ရန်" အဆိုကိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဒေါ်တင်တင်အောင်က ထောက်ခံဆွေးနွေးသည်။

**ဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ညီလာခံဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယကက ဦးမြင့်လွင်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းညွှန့်နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးဝထွန်းတို့က ဆောင်ရွက်ကြသည်။

ညီလာခံတွင် သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ညီလာခံကိုယ်စားလှယ် ဦးဇော်လင်းက အဆိုပြုချက် အမှတ်(၃)ဖြစ်သော "ခေတ်မီ၍ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်" အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးအောင်ဟိန်းသူက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးဟန်ငြိမ်းက အဆိုပြုချက် အမှတ်(၄)ဖြစ်သော "အရည်အသွေးပြည့်ဝ၍ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်" အဆိုကိုတင်သွင်းရာ ချင်းပြည်နယ်ညီလာခံကိုယ်စားလှယ် ဒေါ်မြမြခိုင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက အဆိုပြုချက် အမှတ်(၅)ဖြစ်သော "ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များနှင့် ဆေးဝါးများအား လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျပြန်လည်ဖော်ထုတ်ရန်" အဆိုကို တင်သွင်းရာ ရခိုင်ပြည်နယ် ညီလာခံကိုယ်စားလှယ် ဒေါ်သန်းသန်းရီက ထောက်ခံဆွေးနွေးသည်။

**မှတ်တမ်းတင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် Video Message ဂုဏ်ပြုမိန့်ခွန်းကို မှတ်တမ်းတင်ပြီး (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များကိုလုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေး၏ ဆန္ဒသဘောထားရယူကာ အဆိုများကို အတည်ပြုမှတ်တမ်းတင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲမှ စကားသံများ

**တွေ့ဆုံမေးမြန်း**
**မျိုးဆက်သစ်**

**ဓာတ်ပုံ - ကိုကြီးထိန်**

နှယ်မြက်သစ်ပင်ဆေးဖက်ဝင်၏ ဟုဆိုသည့်အတိုင်း ရှေးခေတ်အဆက်ဆက်မှ တည်ရှိခဲ့သည့် မြန်မာ့တိုင်းရင်းဆေးပညာသည် ယနေ့မျက်မှောက်ခေတ်ကာလ တိုင်အောင် အစဉ်အဆက် အားကိုးအားထားပြုနေရဆဲဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ကုထုံးများ မတိမ်ကောမပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ဖွံ့ဖြိုးတိုးတက်လာသည့် မြန်မာ့တိုင်းရင်းဆေးပညာကို ရိုးရာ အမွေအနှစ် အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ခိုင်မာစွာရပ်တည်လျက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ယနေ့ကျင်းပခဲ့သည်။


ဒေါ်စုစုဒွေး


ဦးသန်းညွှန့်


ဦးမြင့်ဦး


ဒေါ်စိုးစိုးယဉ်


ဒေါ်စန္ဒာဝင်း

အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြခန်း တာဝန်ခံများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် တိုင်းရင်းဆေးထုတ်လုပ်သူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါ်စုစုဒွေး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို တိုင်းရင်းဆေးပညာတိုးတက်ဖို့၊ တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းစနစ်ကျဖို့၊ တိုင်းရင်းဆေးသမားတော်များဟာ ကျင့်ဝတ်သိက္ခာနဲ့အညီ ဆောင်ရွက်ကြဖို့ ရည်ရွယ်ချက်သုံးခုနဲ့ ကျင်းပတာဖြစ်ပါတယ်။ ညီလာခံကျင်းပခြင်းဖြင့် ပိုမိုအစွမ်းထက်ကောင်းမွန်တဲ့ တိုင်းရင်းဆေးဝါးတွေကို ဖော်ထုတ်လာမယ်။ တိုင်းရင်းဆေးပညာရှင်တွေအနေနဲ့ အသိပညာ၊ အတတ်ပညာ၊ ကုထုံးတွေပိုမိုတိုးတက်မြင့်မားလာပြီး ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီပွဲမှာ တိုင်းရင်းဆေးလုပ်ငန်းရှင်တွေလည်း ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း ပိုမိုစိတ်ချယုံကြည်ရတဲ့ တိုင်းရင်းဆေးတွေကို နည်းပညာအသစ်အဆန်းတွေနဲ့ ထပ်မံထုတ်လုပ်နိုင်လာမှာ ဖြစ်ပါတယ်။

ညီလာခံမှာ တိုင်းရင်းဆေးပညာရဲ့ အခြေခံဖြစ်တဲ့ နယကြီးလေးပါးကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး အစွမ်းထက်တိုင်းရင်းဆေးဝါးတွေကို ဖော်ထုတ်ဖို့၊ တိုင်းရင်းဆေးဆရာတွေ လိုက်နာရမယ့် ကျင့်ဝတ်တွေကို လိုက်နာပြီး ကျင့်ကြံဆောင်ရွက်ကြဖို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ အိမ်တိုင်း၊ မိသားစုတိုင်းမှာ မြန်မာတိုင်းရင်းဆေးတွေရှိပါတယ်။ **စာမျက်နှာ ၁၀ သို့** ☆

☆ စာမျက်နှာ ၉ မှ

ပြည်သူတွေအနေနဲ့ ယုံယုံကြည်ကြည် သုံးစွဲနေကြပါတယ်။ ခေတ်မီတိုးတက်လာပြီဆိုတော့ ရိုးရာကိုပဲသုံးသုံး ခေတ်မီနည်းပညာကိုပဲဖော်ဖော် ဖော်လာတဲ့ တိုင်းရင်းဆေးက ပြည်သူလူထုအတွက် ဘေးကင်းလုံခြုံစိတ်ချပြီး အစွမ်းထက်တဲ့ တိုင်းရင်းဆေးတွေဖြစ်အောင် တိုင်းရင်းဆေးပညာဦးစီးဌာနအပါအဝင် တိုင်းရင်းဆေးပညာရှင်တွေ၊ ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေ၊ တိုင်းရင်းဆေးကောင်စီဝင်တွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေပါတယ်။

**ဦးသန်းညွန့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

ဒီနေ့ကျင်းပတဲ့ ညီလာခံနဲ့ နှီးနှောဖလှယ်ပွဲမှာ ပါဝင်ပြသထားတဲ့ တိုင်းရင်းဆေးပြခန်းတွေဟာ တိုင်းရင်းဆေးပညာအတွက် အရေးကြီးပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားလုပ်တာက ပြခန်းတွေပါဝင်လာတာဖြစ်ပါတယ်။ ဒီနှစ်မှာ စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ပြန်လည်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် အနယ်နယ်အရပ်ရပ်က တိုင်းရင်းသမားတော်ကြီးတွေ တစ်ဦးနဲ့တစ်ဦးဆုံတွေ့ခွင့်ရတယ်။ ပညာရပ်တွေ နှီးနှောဖလှယ်ခွင့်ရတယ်။ ကိုယ့်တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် ဆောင်ရွက်မှုတွေကို မျှဝေခွင့်ရတဲ့အတွက် အင်မတန်မှ ကောင်းပါတယ်။ နောက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒီလိုတိုင်းရင်းဆေးညီလာခံကြီးတွေလုပ်ပြီး ဖလှယ်ကြ၊ ဆွေးနွေးကြ၊ အကြံဉာဏ်တွေ ပေးကြတယ်ဆိုရင် ဒီထက်ပိုကောင်းတဲ့ တိုးတက်မှုတွေ ရလာမယ်လို့ မျှော်လင့်ပါတယ်။

တိုင်းရင်းဆေးပညာဟာ ခေတ်အဆက်ဆက်အမွေထိန်းလာတဲ့ ပညာရပ်ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမျိုးသားရေး ဆေးပညာတစ်ရပ်လို့ ပြောလို့ရပါတယ်။ ပြည်သူတွေကလည်း ဒီနေ့အထိ တိုင်းရင်းဆေးအပေါ်မှာ အားကိုးပြီး သုံးစွဲနေတာဟာ အများအသိလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ခေတ်နဲ့အညီ တိုးတက်အောင် ဆောင်ရွက်ဖို့ လိုလာပါတယ်။ ခေတ်နဲ့အညီ ရင်ပေါင်တန်းပြီး ပညာရပ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့ဦးစီးဌာနရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဦးစီးဌာနက ဆေးဝါးတွေကို တရားဝင်ဈေးကွက်ထဲမှာ ရောင်းချနိုင်အောင် မှတ်ပုံတင်ပေးတာတွေ၊ လိုင်စင်ထုတ်ပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်။

**ဦးမြင့်ဦး (ဥက္ကဋ္ဌ- မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ)**

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအနေနဲ့ တိုင်းရင်းဆေးဆရာတွေ လိုက်နာရမယ့် ကျင့်ဝတ်၊ သိက္ခာတွေကို



ဦးအောင်စိုးလွင်



ဒေါ်ကြည်ဌေး



ဒေါက်တာသိန်းဇော်လင်း



ဒေါ်ကြည်ကြည်သန်း

အဓိကထား ပြသဆွေးနွေးပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှာ ရည်ရွယ်ချက်တွေရှိပါတယ်။ ရည်ရွယ်ချက်(၇)ချက်အနက် တိုင်းရင်းဆေးဆရာများဟာ မိမိတို့ရဲ့ ကျင့်ဝတ်သိက္ခာနဲ့ စည်းကမ်းများကို လိုက်နာစေရေးကြီးကြပ် ထိန်းသိမ်းရန်ဆိုတဲ့အချက်က အဓိကကျပါတယ်။ ဒါကို တိုင်းရင်းဆေးဆရာတွေ သိရှိလိုက်နာကြဖို့ အဓိကထားပြသတာ ဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ အဆို(၅)ရပ်နဲ့ ရိုးရာတိုင်းရင်းဆေးပညာ အကြောင်းကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးတွေ တစ်ဖုံဖော်တိုင်း သုတေသနအဆင့်ဆင့် ဆောင်ရွက်ရပါတယ်။ အဆင့်ဆင့်ခာတ်ခွဲပြီး လုံးဝဘေးကင်းလုံခြုံ စိတ်ချရပြီဆိုမှ ဆေးဝါးမှတ်ပုံတင်ရပါတယ်။ ဒါကြောင့် ဆေးဝါးမှတ်ပုံတင်ပါတဲ့ တိုင်းရင်းဆေးတွေကို စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်စိုးစိုးယဉ်**
**(ကရင်ပြည်နယ် ပြခန်းတာဝန်ခံ)**

ကရင်ပြည်နယ် ဒေသထွက် တိုင်းရင်းဆေးဝါးပစ္စည်းတွေနဲ့ ဆေးပင်တွေကို ဒီနေ့မှာ လာရောက်ပြသတာဖြစ်ပါတယ်။ ကရင်ပြည်နယ်ထွက် တိုင်းရင်းဆေးတွေကို ကရင်ပြည်နယ်အတွင်းသာမက ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေပါ သိရှိနိုင်စေဖို့ ရည်ရွယ်ပါတယ်။ ကရင်ပြည်နယ်မှာ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ တစ်ရုံနဲ့ တိုင်းရင်းဆေးကုဌာန ခုနစ်ခုကနေ ပြည်နယ်အတွင်းမှာ ဆေးကုသရေးလုပ်ငန်းတွေနဲ့ ပညာပေး ဟောပြောပွဲတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ ကုသရေးနဲ့ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အဓိကဆောင်ရွက်ပါတယ်။ တိုင်းရင်းဆေးတွေကို ပြည်သူတွေ ယခင်ကထက် ပိုမိုသုံးစွဲလာနေကြပါပြီလို့ ပြောကြားလိုပါတယ်။

**ဒေါ်စန္ဒာဝင်း**
**(ဒေဝယက္ခတိုင်းရင်းဆေးတိုက်)**

ဒီပွဲမှာ ပဲခူးတိုင်းဒေသကြီးက ထွက်တဲ့ တိုင်းရင်းဆေးတွေကို တာဝန်ယူလာရောက် ပြသပေးခြင်းဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းမှာ နိုင်ငံခြားဆေးတွေ ဈေးကွက်အတွင်း ပြတ်လပ်သွားခဲ့ပါတယ်။ ဒီအချိန်မှာ တိုင်းရင်းဆေးကို အများဆုံးယုံယုံကြည်ကြည်နဲ့ သုံးစွဲလာကြတယ်။ ဒါကြောင့် ကျွန်မတို့ တိုင်းရင်းဆေးတွေကို ဒီထက်မကကောင်းအောင် ထုတ်လုပ်ပြီး ပြည်သူတွေလည်း ယုံကြည်စွာနဲ့ သုံးစွဲနေချိန်မှာ နိုင်ငံတော်အကြီးအကဲကလည်း ပံ့ပိုးပေးနေတဲ့အတွက် မြန်မာတိုင်းရင်းဆေးကို ဒီထက်မက တိုးတက်အောင် ဆောင်ရွက်နေပါတယ်။

**ဦးအောင်စိုးလွင်(ဆေးရုံအုပ်ကြီး၊ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ပဲခူးမြို့)**

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဒီနေ့မှာတိုင်းရင်းဆေးထုတ်လုပ်ရေး ၁၁ ခုနဲ့ ဆေးဝါးအမျိုးအမည် ၂၉ မျိုးပြသထားပါတယ်။ ဒီနှစ်ပြုလုပ်တဲ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲဟာ ထူးခြားလေးနက်ပါတယ်။ ယခင်နှစ်ကဆိုရင် တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေကသာ ပြသပြီးတော့ ဒီနှစ်ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြု ပြခန်းငယ်တွေ ဖွင့်လှစ်ပြသခွင့်ပေးတာဟာ အင်မတန်ထူးခြားတယ်လို့ပြောလိုပါတယ်။ အခုညီလာခံနဲ့ နှီးနှောဖလှယ်ပွဲမှာ တိုင်းရင်းဆေးအသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာဟာ မြန်မာမှာသာမက ကမ္ဘာ့နိုင်ငံအသီးသီးကို ထိုးဖောက်ပြီး နိုင်ငံတော်ဘဏ္ဍာငွေတောင်ရှာဖွေပေးနိုင်တဲ့ ဆေးဝါးတွေဖြစ်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံအနှံ့အပြားက သမားတော်ကြီးတွေ၊ ကျွန်တော်တို့ရဲ့ ဆရာသမားတွေ၊ အပေါင်းအသင်းတွေ ဒီနေရာမှာ တစုတဝေးတည်း လာရောက်တွေ့ဆုံရတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**ဒေါ်ကြည်ဌေး (မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်)**

ကျွန်မအနေနဲ့ တိုင်းရင်းဆေးသမားတော်များညီလာခံမှာ စာတမ်းတင်သွင်းမှာ ဖြစ်ပါတယ်။ ကျွန်မက လက်ရှိမှာ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ယူပြီး တိုင်းရင်းဆေးလောကတစ်ခုလုံး ပညာရပ်ဖွံ့ဖြိုးရေး၊ ဆေးဝါးတွေဖွံ့ဖြိုးရေးကိစ္စတွေနဲ့ပတ်သက်ပြီး တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါတယ်။ အခုညီလာခံမှာ ကချင်ပြည်နယ်က တိုင်းရင်းသားတွေ ရိုးရာအစဉ်အဆက် အသုံးပြုခဲ့တဲ့ ဆေးနည်းလေးတွေကို တင်ပြမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့လည်း ရိုးရာတိုင်းရင်းဆေးပညာတွေကို ဖော်ထုတ်နေတာဖြစ်တဲ့အတွက် ဒီဆေးနည်းလေးဟာ အထောက်အကူဖြစ်နိုင်တယ်လို့ ယူဆပြီး စာတမ်းအဖြစ် ကုသိုလ်ပြုတင်သွင်းတာဖြစ်ပါတယ်။ ကချင်ပြည်နယ်က ဆေးဖက်ဝင်အပင်တွေကိုလည်း ပြခန်းမှာ ပြသထားပါတယ်။

ပြည်သူတွေကို ပြောလိုတာက တိုင်းရင်းဆေးဟာလည်း သုတေသနပြုမှုတွေ၊ စစ်ဆေးမှုတွေ အဆင့်ဆင့်နဲ့ ထုတ်လုပ် ရောင်းချကြတာဖြစ်တဲ့အတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်တယ်။ တိုင်းရင်းဆေးဟာ မိမိတို့ရဲ့ရိုးရာအမွေအနှစ်လည်းဖြစ်တယ်။ ရိုးရာဆေးပညာလည်းဖြစ်တယ်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရာသီဥတုအပေါ်မူတည်ပြီး စိုက်ပျိုးတဲ့အပင်တွေကိုဖော်စပ်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာနေထိုင်တဲ့ ပြည်သူတွေသုံးစွဲဖို့သင့်တော်ပါတယ်။

**ဒေါက်တာသိန်းဇော်လင်း (ပါမောက္ခချုပ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်)**

အခုလို ပြပွဲတွေ ကျင်းပခြင်းအားဖြင့် ပြပွဲကိုလာရောက်ကြတဲ့ ပြည်သူလူထုကို တိုင်းရင်းဆေးတက္ကသိုလ်နဲ့ ပတ်သက်ပြီး သတင်းအချက်အလက် မြောက်မြားစွာကို ပေးနိုင်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကပြီးရင် တိုင်းရင်းဆေးဆရာအဖြစ်၊ တိုင်းရင်းသမားတော်အဖြစ် အသက်မွေးလို့ရပါပြီ။ တက္ကသိုလ်ကနေရတဲ့ တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်(တ/ဆ) ရှိသွားပြီဆိုရင် တိုင်းရင်းဆေးဝါးတွေကို ကိုယ်ပိုင်ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချနိုင်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးရုံ၊ ဆေးခန်း၊ တက္ကသိုလ်တွေမှာ ဝန်ထမ်းအဖြစ် ပြန်ပြီးတော့ လုပ်နိုင်ပါတယ်။ နောက်တစ်ခုက ဘွဲ့လွန်ဒီဂရီတွေ တက်ပြီးပြီဆိုရင် ပြည်တွင်း၊ ပြည်ပတွေမှာဆက်ပြီး အဆင့်မြင့်တဲ့တိုင်းရင်းဆေးပညာရပ်တွေကို သင်ယူနိုင်ပါတယ်။ ဒါတွေက ကျွန်တော်တို့ တိုင်းရင်းဆေးတက္ကသိုလ်က အောင်မြင်သွားတဲ့သူတွေရဲ့ အားသာချက်တွေဖြစ်ပါတယ်။

ညီလာခံက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပတာဖြစ်တဲ့အတွက် တိုင်းရင်းဆေးပညာနဲ့ ပတ်သက်တဲ့ အခန်းကဏ္ဍခေါင်းစဉ်သုံးခုနဲ့ ဆွေးနွေးသွားမှာပါ။ ပြခန်းအတွက်ကတော့ တိုင်းရင်းဆေးတက္ကသိုလ်က ဌာနကြီးခြောက်ခုကနေလုပ်ထားတဲ့ သုသေသနရလဒ်ကောင်းတွေကို ပြသထားတာဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကို လျှောက်ချင်တယ်ဆိုရင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်နည်းတူ အမှတ်နဲ့ လျှောက်ထားရတာ ဖြစ်ပါတယ်။ အမှတ် ၃၆၀ ဆိုရပါပြီ။ ဒီနှစ်မှာ ယောကျ်ားလေး အမှတ်ဆို ၃၅၂ မှတ်အထိ သတ်မှတ်ထားပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က အောင်မြင်တဲ့သူတွေဟာ အထောက်အထား ခိုင်ခိုင်မာမာရှိတဲ့ သုတေသနတွေလုပ်ပြီး အောင်မြင်မှ တိုင်းရင်းဆေးဆရာ ဘွဲ့လက်မှတ်တွေ ရပါတယ်။ အခုနောက်ပိုင်း ကျောင်းဆင်းတွေက သုတေသနနဲ့ပတ်သက်လို့ တော်တော်လေးကို လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းရည်တွေရှိပါတယ်။ ဒါကြောင့် သူတို့လုပ်ပြီး ထုတ်လုပ်တဲ့ဆေးဝါးတွေဟာ သုတေသနအခြေပြုတဲ့ တိုင်းရင်းဆေးဝါးတွေဖြစ်တဲ့အတွက် ပြည်သူလူထုက ယုံယုံကြည်ကြည် စိတ်ချစွာသုံးစွဲနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်ကြည်ကြည်သန်း (ဆေးရုံအုပ်၊ စစ်တွေတိုင်းရင်းဆေးရုံ၊ စစ်တွေမြို့)**

ကျွန်မတို့ဒေသက ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက် ပင်လယ်ထွက်ပစ္စည်းတွေ ပိုပြီးပြသဖြစ်ပါတယ်။ သန္တာကျောက်တန်းက ထွက်တဲ့ကျောက်ခက်ဆိုရင် အပူကိုငြိမ်းပြီး ဆီးကိုရှင်စေပါတယ်။ ဆီးနဲ့ပတ်သက်တဲ့ ဆေးတွေမှာ ပိုပြီးအသုံးများပါတယ်။ ကနုကမာက အပူကြီးတာ၊ တင်းတိပ်ကို သွေးလိမ်းတဲ့နေရာ၊ ဆီးသွေးပါတာ၊ ထိခိုက်ဒဏ်ရာတွေမှာ သုံးကြပါတယ်။ အထူးသဖြင့် ပင်လယ်ထွက်ပစ္စည်းတွေကို ဆီးရောဂါနဲ့ပတ်သက်တဲ့ရောဂါတွေမှာ သုံးတာများပါတယ်။ အခုလိုပြပွဲတွေ ကျင်းပခြင်းအားဖြင့် ပြည်သူတွေ တိုင်းရင်းဆေးတွေအကြောင်းကို သိရှိလာမယ်လို့ ယုံကြည်ပါတယ်။ ။

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ

# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ပြခန်းများ ခင်းကျင်းပြသထားမှုမြင်ကွင်း












# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation “ROSATOM” တို့ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့တွေ့ဆုံဆွေးနွေးရခြင်းသည် မိမိတို့ဝန်ကြီးဌာနနှင့် ROSATOM တို့အကြား ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်နိုင်ရန်နှင့် မြေပြင်တွင်လိုအပ်ချက်များ ပေါင်းစပ်နိုင်ရန်ပြုလုပ်သည့် ဆွေးနွေးပွဲဖြစ်ပါ၍ ရုရှား-မြန်မာ နှစ်နိုင်ငံနှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာဖြင့် ရေရှည်ပူးပေါင်းမှု၏ အကျိုးရလဒ်များလည်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum–EEF) ကာလအတွင်း စက်တင်ဘာ ၆ ရက်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ROSATOM တို့အကြား “Road Map on Cooperation in the field of the use of Nuclear Energy for Peaceful Purposes for 2022–2023” အား လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့တွင် ကျင်းပခဲ့သည့် ATOMEXPO -2022 ကာလအတွင်း ရုရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်တွင်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom Energy Projects, Joint Stock Company တို့သည် ရုရှား-မြန်မာ Small Modular Reactor (SMR) Projects အတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ရန် သဘောတူစာချုပ်ကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ နားလည်မှုစာချွန်လွှာ(MOU)ကို နိုဝင်ဘာ ၂၂ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ပိုမိုတိုးတက်သည့် ရလဒ်ကောင်းများရရှိနေပြီဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလာရောက်သော ROSATOM ကုမ္ပဏီအနေဖြင့် ထပ်မံတိုးချဲ့၍ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန်၊ အသေးစားရေအားလျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်စေရန်၊ လေအားလျှပ်စစ် အကောင်အထည်ဖော်နိုင်ရေး စီမံကိန်းလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းပါဝင်နိုင်ရန် ဆွေးနွေးမှုများလည်း ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးမှုများအပေါ်တွင်လည်း ဆက်လက်တိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း၊ နည်းပညာအကူအညီများ၊ တည်ဆောက်ရေးများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် ဖိတ်ခေါ်လိုပါကြောင်း၊ တိုးတက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများဆောင်ရွက်ခြင်းနှင့် စက်ရုံများတည်ဆောက်နိုင်မည့် ကနဦး နေရာများကိုကြည့်ရှုလေ့လာဆွေးနွေးခြင်းတို့အပြင် ယမန်နေ့ကလည်း မြန်မာနိုင်ငံအတွင်း လေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ဆောင်ရွက်နိုင်ရန် အလားအလာရှိသော နေရာများနှင့် အသေးစားရေအားလျှပ်စစ်တည်ဆောက်အကောင်အထည်ဖော်ရန် နေရာများကိုလည်း မြေပြင်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သဖြင့် လေ့လာတွေ့ရှိချက်များအပေါ် ရလဒ်ကောင်းများရရှိစေရေး ဆက်လက်ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းလုပ်ငန်းများအလိုက် အကောင်အထည်ဖော်မည့်အဖွဲ့များနှင့် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ ပြန်ပြည့်မြဲစွမ်းအင် လေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး၊ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် မြန်မာနိုင်ငံတွင် အသုံးပြုမည့် လျှပ်စစ်သုံးမော်တော်ယာဉ်များအတွက် လီသီယံဘက်ထရီထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေး စသည့်ကဏ္ဍများအလိုက် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကြိုးပမ်း




**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံ၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိနေသည့် သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံလမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်တွင် မွေးမြူရေးသုတေသနဦးစီးဌာနအသစ်ကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ကုန်းသတ္တဝါနှင့် ရေသတ္တဝါဆိုင်ရာသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ရန်ပုံငွေထည့်ဝင်ထူထောင်မှုဖြင့် ငါးလုပ်ငန်းနှင့်ငါးမွေးမြူရေးလုပ်ငန်းများဆိုင်ရာ သိပ္ပံနည်းကျလက်တွေ့အသုံးချ သုတေသနပြုမှုများ ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နာယကအဖြစ် တာဝန်ယူ၍ ငါးလုပ်ငန်း သုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှု ကော်မတီကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါကော်မတီအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်း၌ ကျင်းပရာ ငါးလုပ်ငန်းသုတေသနရန်ပုံငွေ စီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးဦးမောင်ကြီးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငါးလုပ်ငန်း သုတေသနရန်ပုံငွေစီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရေလုပ်ငန်းကဏ္ဍမှ နှစ်စဉ်နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်မှ ၈၀၀ အထိ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ GDP ပိုမိုတိုးတက်ရရှိရေးနှင့် ရေလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးလာစေရေးအတွက် ဖမ်းဆီးထုတ်လုပ်မှုအပြင် မွေးမြူထုတ်လုပ်ရေးကိုလည်း အားပေးဆောင်ရွက်သွားရန် လိုကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပြီးဖြစ်၍ ကော်မတီအနေဖြင့် ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် ဦးစားပေးအလိုက် သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် သုတေသနရန်ပုံငွေထိန်းသိမ်းမှု၊ သုံးစွဲမှုနှင့် သိပ္ပံနည်းကျ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဦးစားပေး ဆောင်ရွက်မည့် သုတေသနလုပ်ငန်းကိုးခုနှင့်အဆိုပါ သုတေသနလုပ်ငန်း ဆောင်ရွက်မှုများမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့အကြား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၌ လက်မှတ်ရေးထိုးခဲ့သည့် ငါးလုပ်ငန်းဆိုင်ရာသုတေသန ရန်ပုံငွေထူထောင်မှု သဘောတူစာချုပ်အရ တနင်္သာရီတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များ၏ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှု တန်ဖိုးမှ သုည ဒသမ ၅ ရာခိုင်နှုန်းကို သုတေသနရန်ပုံငွေအဖြစ် အသုံးပြု၍ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံနည်းကျ သုတေသနပြုမှုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေစီမံအုပ်ချုပ်မှု ကော်မတီနှင့် သုတေသနလုပ်ငန်း ကြီးကြပ်မှုကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဗ္ဗန်တောင်မြို့နယ်အထက်တန်းကျောင်းများတွင် သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၈**

ယနေ့ကာလတွင် သတင်းအတုသတင်းအမှားများကြောင့် မလိုလားအပ်သောဖြစ်စဉ်များ ပေါ်ပေါက်လျက်ရှိသဖြင့် ကျောင်းသားလူငယ်များ သတင်းအမှားအမှန် ခွဲခြားသုံးသပ်နိုင်ရေး၊ နိုင်ငံတော်မှ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ဘက်စုံမှအားထုတ်ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို နားလည်သိရှိရေးနှင့် မိဘဆရာများ၏ သွန်သင်ဆုံးမမှုကိုနာခံကာ ထူးချွန်ထက်မြက်သော လူငယ်များဖြစ်လာစေရေးတို့အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ အသိပညာပေးဟောပြောပွဲများကို အ.ထ.က (၁) ပုဗ္ဗန်တောင်တွင် ဒီဇင်ဘာ ၇ ရက်၌လည်းကောင်း၊ အ.ထ.က (၂)၊ အ.ထ.က (၃)၊ အ.ထ.က (၄) ပုဗ္ဗန်တောင်တွင် ဒီဇင်ဘာ ၈ ရက်၌လည်းကောင်းကျင်းပခဲ့သည်။

အဆိုပါ အထက်တန်းကျောင်း နှစ်ကျောင်း၏ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးတင်မောင်ဦး (ကြို့ပင်ကောက်-တင်မောင်ဦး)နှင့် ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ) တို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။ ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီ ယာဆိုင်ရာနှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာ စာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူပြီး ကျေးဇူး တင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ လေ့ကျင့်ရေးအထက်တန်းကျောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ရန်ကုန်တက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning HUB ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာဆရာမများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာကျောင်းအသီးသီးရှိ လုပ်သက်နှင့် သတ်မှတ်ချက်ပြည့်မီသော အလယ်တန်းပြ ဆရာ ဆရာမများကို B.Ed စာပေးစာယူသင်တန်းတက်နိုင်ရန်အတွက် ဆောင်ရွက်ပေးနေကြောင်း၊ စာပေးစာယူသင်တန်းပို့ချပေးသည့် ပညာရေးတက္ကသိုလ်အရေအတွက် မလုံလောက်သောကြောင့် ပညာရေးဒီဂရီကောလိပ် ၂၅ ခုတွင်လည်း ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ ပညာရေးတက္ကသိုလ်သည် အခြေခံပညာကဏ္ဍအတွက် ဘီအီးဒီပညာရေး ဘွဲ့ရဆရာဆရာမများကို မွေးထုတ်ပေးနေသည့် တက္ကသိုလ်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍမြှင့်တင်ရန်အတွက် အခြေခံပညာတွင် တာဝန်ယူသင်ကြားပေးရမည့် ဆရာဆရာမလောင်းများကို ထူးချွန်ထက်မြက်အောင် ယခင်ကထက်ပိုပြီး အားသွန်ခွန်စိုက် သင်ကြားပေးစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိသင်ကြားနေသည့် ဘာသာရပ်ကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင်ကလည်း ဘာသာရပ်ကိုအမှန်တကယ် တတ်ကျွမ်းအောင် လေ့လာနေရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ပညာတတ်များအများဆုံး မွေးထုတ်ရာနေရာဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တာဝန်ထမ်းဆောင်နေစဉ်ကာလတွင် တက္ကသိုလ်တိုးတက်ရန်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးတက္ကသိုလ်စာသင်ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ရုံးခွဲရှိ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန၊ ပညာရေးရုပ်မြင်သံကြားဌာနခွဲ၊ သင်ထောက်ကူ ဂိုဒေါင်၊ ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)တို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ်သို့သွားရောက်ပြီး တက္ကသိုလ် ဥပမိရုပ်ကောင်းမွန်ရေးအတွက် မျက်နှာကြက်များ၊ ကျောင်းနံရံများ၊ စကြံများပြန်လည်မွမ်းမံ ဆေးသုတ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဌေးအောင် တက်ရောက်သည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ကျောက်စိမ်း ဈေးကွက်ဖြင့် တရုတ် ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိကြောင်း၊ တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရေးအတွက် သတင်းမီဒီယာများမှတစ်ဆင့် မြှင့်တင်ရာတွင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်း၏သဘာဝတွင် ကဏ္ဍအားလုံး ဆက်နွှယ်မှုရှိနေသည့်အတွက် မိမိတို့၏ရှိပြီးသား ဈေးကွက်ကို မြှင့်တင်ဆောင်ရွက်ရာတွင် မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနအနေဖြင့် တရုတ် ခရီးသွားဈေးကွက်ကို မြှင့်တင် ဆောင်ရွက်ရန်အတွက် တရုတ်ဘာသာစကား သင်တန်းများနှင့် ဆက်စပ်သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သည့်အပြင် တရုတ်နှစ်သစ်ကူး ကာလတွင် ၎င်းတို့ လာရောက်နိုင်သည့်အတွက် ပုဂ္ဂလိက အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံရှိ ယခင်မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက မြန်မာ-တရုတ်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်သောအချက်များ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာ နေရာများတွင် ဘာသာစကားမှအစ ပြင်ဆင်ဆောင်ရွက်ထားရှိသင့်သည်များ၊ ပြည်ဝင်ဗီဇာရရှိရေး၊ နှစ်ဖက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲရေး၊ ကျန်းမာရေး၊ ငွေကြေးသုံးစွဲရေးနှင့် နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဘာသာရပ် တာဝန်ခံများ တက်ရောက်ကြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းဥက္ကဋ္ဌ၊ တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း (မြန်မာကိုယ်စားလှယ်ရုံး) တာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းဌာနမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ၊ နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

ယနေ့ အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း၂၀၀ ကျော်က ခရီးသွားလုပ်ငန်းများအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည်သန်း ၇၀၀ ခန့် လှည့်လည်ဝင်ရောက်ခဲ့ကာ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများတွင်လည်း တစ်ဆထက်တစ်ဆ တိုးတက် ဝင်ရောက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနှင့်နိုင်ငံတကာမှ ခရီးသွားဈေးကွက်များရရှိပြီး ယင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးမြှင့် ဝင်ရောက်လာရေးအတွက် ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်များအနက် အင်အားကြီးမားသော ပြည်ပဈေးကွက်တစ်ခုဖြစ်သည့် တရုတ်ခရီးသွားဈေးကွက် ပြန်လည်ဖွံ့ဖြိုးလာစေရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့ အထက (၁)တွင် လူငယ်စကားဝိုင်းကျင်းပ

**ကလေး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရွှေရတုကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ရှေးဦးစွာ ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က လူငယ်များ စဉ်းစားတွေးခေါ်မှုစွမ်းရည်မြင့်မားလာစေရန်၊ လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများဖြစ်ပေါ်လာစေရန်နှင့် အနာဂတ် လူ့အဖွဲ့အစည်းအတွက် လူ့စွမ်းအားအရင်းမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမင်းအောင်က ဦးဆောင်ဆွေးနွေးခဲ့ရာ Grade-11 မှ မခင်မေဇော်ထက်က လူငယ်နှင့် အင်တာနက်အသုံးပြုခြင်း၏ အားနည်းချက်ကိုလည်းကောင်း၊ Grade-11 မှ မမိုးပြည့်ဇင်က လူငယ်နှင့် အင်တာနက်အသုံးပြုခြင်း၏ အားသာချက်ကိုလည်းကောင်း၊ Grade-10 မှ မဖူးပောမန်က လူငယ်နှင့်ပညာရေး အားသာချက်ကိုလည်းကောင်း၊ Grade-10 မှ မနန်းသဇင်က လူငယ်နှင့်ပညာရေး အားနည်းချက်ကိုလည်းကောင်း၊ Grade-10 မှ မရတီမင်းက လူငယ်နှင့် Social Media ၏ အားသာချက်နှင့် Grade-10 က မောင်မျိုးမင်းမြတ်က လူငယ်နှင့် Social Media ၏ အားနည်းချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။



ထို့နောက် ဆွေးနွေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားအပြီးတွင် ကျောင်းသားကျောင်းသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဌာနမှတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကလေး(ပြန်/ဆက်)**

# ဂျာမနီအစိုးရကို ဖြုတ်ချရန် လျှို့ဝှက်ကြံစည်ကြိုးပမ်းသည့် အကြမ်းဖက်အဖွဲ့ဝင် ၂၅ ဦးအား ဖမ်းဆီး

ဘာလင် ဒီဇင်ဘာ ၈

ဂျာမနီအစိုးရကို ဖြုတ်ချရန် လျှို့ဝှက်ကြံစည်ကြိုးပမ်းလျက်ရှိသည့် အကြမ်းဖက်အဖွဲ့တွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ၂၅ ဦးအား ရဲအရာရှိများက ယမန်နေ့တွင် ဖမ်းဆီးခဲ့ကြောင်း ဂျာမနီအစိုးရရှေ့နေများက ဆိုသည်။

ရဲအရာရှိများသည် ဂျာမနီ၊ အီတလီနှင့် ဩစတြီးယားနိုင်ငံများရှိ နေရာပေါင်း ၁၃၀ ကျော်ကို ဝင်ရောက်စီးနင်းပြီး လက်ယာစွန်းထောက်ခံသူဟု သံသယရှိသူ ၂၅ ဦးကို ဖမ်းဆီးခဲ့သည်။

Heinrich XIII မင်းသား Reuss နှင့် အမှုထမ်းဟောင်း တစ်ဦးတို့သည် ခေါင်းဆောင်များဟု ယူဆရကြောင်း အစိုးရရှေ့နေများက ပြောကြားခဲ့သည်။ ဖမ်းဆီးခံရသူများတွင် ယမန်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် လွှတ်တော်အမတ်တစ်ဦးလည်း ပါဝင်သည်ဟု ၎င်းတို့က ဆိုသည်။

Heinrich XIII မင်းသား Reuss သည် တစ်ချိန်က ဂျာမနီအရှေ့ပိုင်းရှိနေရာများကို အုပ်စိုးခဲ့သည့် မင်းဆက်၏ နောက်ဆုံးမျိုးဆက်ထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။

အဆိုပါအကြမ်းဖက်သမားများသည် ဂျာမနီနိုင်ငံ၏ အခွင့်အာဏာကို ယမန်နှစ်နိုဝင်ဘာလကတည်းက သိမ်းယူရန်နှင့် အစိုးရသစ်တစ်ရပ် ပြန်လည်ဖွဲ့စည်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပါလီမန်အဆောက်အအုံကိုလည်း ဝင်ရောက်စီးနင်းရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါအဖွဲ့တွင် ကျောထောက်နောက်ခံအစိုးရတစ်ရပ် ဖွဲ့စည်းထားပြီး စစ်ဘက်အဖွဲ့အစည်းမှ ဝန်ထမ်းဟောင်းများလည်းပါဝင်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် ဂျာမန်စစ်တပ်နှင့် ရဲတပ်ဖွဲ့တွင် လူစုဆောင်းရန် ကြိုးပမ်းနေသည်ဟု ရဲအရာရှိများက ဆိုသည်။

အာဏာသိမ်းရန် ကြံစည်မှုနှင့် လုံခြုံရေး အာဏာပိုင်များထံ ၎င်းအဖွဲ့၏ ချဉ်းကပ်လာမှုများနှင့်ပတ်သက်သည့် ထိတ်လန့်ဖွယ်ရာ သတင်းများသည် နိုင်ငံအတွင်း၌ သတင်းခေါင်းကြီးပိုင်းများအဖြစ် ထွက်ပေါ်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်




# အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားစီရင်စုရှိ ရဲစခန်းတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်

ဂျကာတာ ဒီဇင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားစီရင်စုရှိ ဘန်ဒေါင်းမြို့ ရဲစခန်းတစ်ခုအား ယမန်နေ့က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများကဆိုသည်။

သေဆုံးသူနှစ်ဦးမှာ ဗုံးဖောက်ခွဲသူနှင့် ရဲအရာရှိတစ်ဦးဖြစ်ကြောင်း ရဲချုပ် လစ်စတာရိုဆီဂစ် ပရာဘိုဝိုက ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက်တစ်ဦးမှာ အခင်းဖြစ်ရာဘေးတွင် လမ်းလျှောက်နေသည့် အရပ်သားတစ်ဦးဖြစ်ကြောင်း ပြည်နယ်ရဲမှူး SUNTANA က ပြောသည်။

ဒဏ်ရာရရှိသူ အားလုံးကို နီးစပ်ရာ ဆေးရုံတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။ ဗုံးဖောက်ခွဲမှုကျူးလွန်သူမှာ AGUS SUJATNO ဖြစ်ကြောင်း ရဲချုပ်က ဆိုသည်။




အဆိုပါအမျိုးသားသည် ၂၀၁၈ ခုနှစ်တွင် အရှေ့ဂျာဗားပြည်နယ်အတွင်း အသေခံဗုံးဖောက်ခွဲခဲ့မှုဖြစ်စဉ်နှင့် ဆက်စပ်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

တစ်လင်တစ်မယားစနစ် ဥပဒေကို ဆန့်ကျင်ကွန့်ကွက်သည့် စာရွက်တစ်ရွက်အပါအဝင် ဆန္ဒပြရန်လှုံ့ဆော်သည့် အထောက်အထားများစွာကို အဆိုပါဗုံးဖောက်ခွဲရာနေရာတွင် ရဲအရာရှိများက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ အားလုံးကို နီးစပ်ရာ ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံ၏ ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်မည်

ဖနောင်ပင် ဒီဇင်ဘာ ၈

ကမ္ဘောဒီးယားနိုင်ငံ၏ ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေအမေရိကန်ဒေါ်လာ ၇၃ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကမ္ဘောဒီးယားနိုင်ငံအား ပေးအပ်သည့်ချေးငွေသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ သမုဒ္ဒရာများကြွခိုင်ရေးနှင့် စဉ်ဆက်မပြတ်စီးပွားရေးလုပ်ငန်းများရှင်သန်ရေးဆိုင်ရာအရေးကြီးသည့် လုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်တာဝန်ရှိသူ အယ်လ်ဗင်လိုပက်ဇ်က ပြောကြားသည်။

ယခုကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေပေးအပ်လိုက်ခြင်းဖြင့် ကမ္ဘောဒီးယားအစိုးရသည် ငါးဖမ်းလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲရေးနှင့် ငါးလုပ်ငန်းဆိုင်ရာသဘာဝသယံဇာတများကို ထိန်းသိမ်းစီမံခန့်ခွဲရာတွင် အထောက်အကူရရှိစေကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ငါးလုပ်ငန်းသည် နိုင်ငံစီးပွားရေး၏ အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေပေးအပ်မှုအရကမ္ဘောဒီးယားနိုင်ငံ၏ ကမ်းရိုးတန်းပြည်နယ်များတွင် ရာသီဥတုပြောင်းလဲမှုများကို ထိထိရောက်ရောက်လျှော့ချနိုင်မည့်အစီအမံများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ငါးဖမ်းဆီးမှုများတိုးတက်၍ စားနပ်ရိက္ခာဖူလုံလာမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံး

မနီလာ ဒီဇင်ဘာ ၈

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၈၂၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၄၈၃ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၄၅၃၅၈ ဦး ရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၉၉၄ ဦး ရှိသည်။

ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၅၁၃ ဦး သည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၈ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ် - ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း သုံးသိန်းကျော် ရှိလာ

ဟန္နွိုင်း ဒီဇင်ဘာ ၈

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း ၃၂၅၆၀၄ ဦး ရှိပြီး အဆိုပါရောဂါကြောင့် ၁၂၂ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူအရေအတွက်သည် ယမန်နှစ်အလားတူကာလကထက် ငါးဆခန့်မြင့်တက်လာကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ခြင်မှတစ်ဆင့်ကူးစက်သည့် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားသူ ၂၆၉ ဦး တွေ့ရှိရပြီး ၎င်းတို့အနက် ငါးဦးသေဆုံးခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၃၀ | ၁၈၇၅ | ၁၈၇၀ | ၁၈၃၅ | ၁၈၇၅ | ၁၈၉၅ | ၁၈၈၀ | ၁၈၆၀ | ၁၉၅၅ | ၁၉၇၀ | ၁၈၆၅ | ၁၈၇၅ | ၁၉၁၀ | ၁၉၁၀ | ၁၉၁၅ | ၂၁၃၀ | ၂၉၂၀ |
| 95 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၅ | ၁၉၈၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၁၀ | ၂၄၃၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၃၅ | ၁၈၀၃ |
| 95 Ron | ၁၈၂၉ | ၁၈၉၉ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၉၇ | ၂၁၆၈ |
| HSD (10 ppm) | ၂၀၉၇ | ၂၁၆၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဘာလီမြို့၌ ကျင်းပမည့် အာရှဒေသ ဆေးနှင့် ကျန်းမာရေး ပညာရပ်များသင်ကြားရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးဖိုရမ်သို့ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး တက်ရောက်မည်

နေပြည်တော် ဒီဇင်ဘာ ၈

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည့် အာရှဒေသ ဆေးနှင့် ကျန်းမာရေးပညာရပ်များသင်ကြားရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးဖိုရမ် (Asia Quality Forum for Medical and Health Profession Education)သို့ တက်ရောက်ရန်အတွက် အာရှ-ပစိဖိတ်ဒေသ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး မဟာမိတ်အဖွဲ့ (Asia Pacific Action Alliance on Human Resources for Health-AAAH)ဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှဒေသ ဆေးပညာသင်ကြားရေးအဖွဲ့(The South East Asia Regional Association for Medical Education-SEARAME) ဒုတိယဥက္ကဋ္ဌဖြစ်သူ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးပညာသင်ကြားရေး/ပညာပေးဌာနနှင့် နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးညွန့်တို့သည် ဒီဇင်ဘာ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်အမှတ် TG-2304 ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ ထွက်ခွာကြောင်း သိရသည်။



အာရှဒေသဆေးနှင့်ကျန်းမာရေးပညာရပ်များ သင်ကြားရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးဖိုရမ်သို့ တက်ရောက်မည့် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်နှစ်ဦး။

အဆိုပါ အာရှဒေသ ဆေးနှင့် ကျန်းမာရေးပညာရပ်များ သင်ကြားရေးဆိုင်ရာ အရည်အသွေး မြှင့်တင်ရေးဖိုရမ်သည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(၂၀၃၀)နှင့်အညီ အရှေ့တောင်အာရှဒေသအတွင်း ဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရန်အတွက် အရှေ့တောင်အာရှဒေသ ဆေးပညာသင်ကြားရေးအဖွဲ့(SEARAME)နှင့် နိုင်ငံတကာ အဆင့်မြင့်ကျန်းမာရေးပညာရပ် သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုရေးအေဂျင်စီ (International Accreditation Agency for Higher Education in Health - IAAHEH) တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ၎င်းဖိုရမ်တွင် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ဆေးနှင့် ကျန်းမာရေးပညာရပ်သင်ကြားရေးဆိုင်ရာ အရည်အသွေးအာမခံခြင်းစနစ်နှင့်ပတ်သက်သည့်မြန်မာနိုင်ငံမှ အတွေ့အကြုံများကို မျှဝေခြင်း (National Quality Assurance System in Medical and Health Profession Education: Experiences and lessons learnt from Myanmar) ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲနှင့် ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ်(၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ အသင်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက အလှူငွေ ကျပ်သိန်း ၃၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု)က ငွေကျပ် ၁၁ သိန်း၊ သံအမတ်ကြီး(ငြိမ်း) ဒေါက်တာ ဦးလှမောင် (ဖောင်ဒေးရှင်း)က ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိကျန်းမာရေးစစ်ဆေးခွင့်ကတ် ၁၅ ကတ်၊ ဦးညွန့်ဆွေ (မောင်ဆွေသက်)-သရက်မသက်ဆွေ မိသားစုက ငွေကျပ်ငါးသိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင် (မမြတ်လေး) တို့အား အမှူးထား၍ ဦးဉာဏ်ထွန်းဦး-ဒေါ်ခင်စောဥမ္မာ၊ ဦးနန္ဒကျော်စွာ-ဒေါက်တာဒေါ်မြင့်ဌေး (မြတ်လေးရုံ မိသားစု)နှင့် ဦးသက်ထွန်း - ဒေါ်သီသီနွယ် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)မိသားစုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ (၅/၂၀၂၂) အစည်းအဝေးကိုကျင်းပပြီး ၁၃၈၄ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ပညာပြည့်ဝနှလုံးလှပညာရှင်များ မွေးထုတ်မည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း

မောင်ချစ်အေး



၁၉၅၈ ခုနှစ်က အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (ရန်ကုန်)ကို တွေ့ရစဉ်။

### လွတ်လပ်ရေးနှင့်အတူ

၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ခန့်အပ်ခဲ့သည့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ပထမဆုံးသင်တန်းကျောင်းကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းကို အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အစိုးရရုံးများ နေပြည်တော်သို့ပြောင်းရွှေ့ရုံးစိုက်ခဲ့ကြရာ သင်တန်းများကို နေပြည်တော်၌ ၂၀၀၉ ခုနှစ်တွင် ဆက်လက်ဖွင့်လှစ်ခဲ့သည်။

### တိုးတက်ပြောင်းလဲလာသော သင်တန်းများ

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော် သင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းများ၊ မွမ်းမံသင်တန်းများကို ဌာနတွင်းဝန်ထမ်းများအား စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။ အစိုးရဌာနအဖွဲ့အစည်းများမှ စာရင်းကိုင်များအတွက် အခြေခံအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

### မျှော်မှန်းချက် (Vision)

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ မျှော်မှန်းချက်မှာ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရေး၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး၊ ပြည်သူ့ဘဏ္ဍာ ငွေကြေးထိန်းကျောင်း တည့်မတ်ပေးရေးအတွက် အဓိကတာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေး သတ်မှတ်ပြဋ္ဌာန်းဥပဒေနှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ်၍ ပြည်သူသို့ အစီရင်ခံရှင်းလင်းတင်ပြရန် ဖြစ်သည်။

### လုပ်ငန်းတာဝန် (Mission)

ဤရုံး၏ လုပ်ငန်းတာဝန်မှာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ရည်မှန်းချက်များကို ဦးတည်သော စစ်ဆေးရေးလုပ်ငန်းစဉ်များကို အရည်အသွေးပြည့်မီစွာနှင့် ထိရောက်အကျိုးရှိစွာ ထမ်းဆောင်ရန် ဖြစ်သည်။

### မူဝါဒ (Policy)

ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးစနစ် တိုးတက်ကောင်းမွန်လာစေရေးကို ဦးတည်လျက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းနှင့် လုပ်ငန်းများအား သင့်တင့်မျှတမှုနှင့် လိုက်နာဆောင်ရွက်မှုရှုထောင့်ဖြင့် စစ်ဆေးဆောင်ရွက်ခြင်း၊ ပကတိအခြေအနေများအား မှန်ကန်စွာ ဆန်းစစ်သုံးသပ်ပြီး ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်စေခြင်းနှင့် ဆန်းသစ်တီထွင်မှုများကို အားပေးခြင်းဖြင့် ကောင်းမွန်သန့်ရှင်း ထိရောက်မှန်ကန်သော ပြည်သူ့ဘဏ္ဍာရေးစနစ် ပိုမိုခိုင်မာအားကောင်းလာစေရေး ဦးတည်ဆောင်ရွက်ရန် ဖြစ်သည်။

### စံတန်ဖိုးများ (Core Values)

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင်အောက်ပါတန်ဖိုးများ (Core Values) ကို ဦးထိပ်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည် –

(က) ရိုးသားဖြောင့်မတ်မှု(Integrity)၊
(ခ) ဓမ္မဓိဋ္ဌာန်ကျမှု(Objectivity)၊
(ဂ) လွတ်လပ်မှု (Independence)၊
(ဃ) အတတ်ပညာပိုင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု၊ ကျွမ်းကျင်မှု (Professionalism)၊
(င) လျှို့ဝှက်ချက်စောင့်ထိန်းမှု (confidentiality)၊
(စ) တာဝန်ယူမှုနှင့် တာဝန်ခံမှု (Responsibility and Accountability)၊
(ဆ) ပြည်သူ့အကျိုးဦးတည်ဆောင်ရွက်မှု (Public Interest Orientation)၊

### မဟာဗျူဟာရည်မှန်းချက်များ

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးရေးလုပ်ငန်းများကို နိုင်ငံတကာစံများနှင့်အညီ အရည်အသွေးပြည့်ဝစွာ စစ်ဆေးဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စီမံအုပ်ချုပ်မှု ခိုင်မာအားကောင်းစေရေးတို့အတွက် ချမှတ်ထားသည့် မဟာဗျူဟာရည်မှန်းချက်များမှာ –

(က) စာရင်းစစ်ချုပ်ရုံး၏ လွတ်လပ်ခွင့်၊ ဥပဒေမူဘောင်နှင့် လုပ်ပိုင်ခွင့်အာဏာများပိုမိုခိုင်မာအားကောင်းလာစေရန်၊
(ခ) ဌာနတွင်း စီမံအုပ်ချုပ်မှုစနစ် ပိုမိုထိရောက်ကောင်းမွန်စေရန်၊
(ဂ) စစ်ဆေးရေးလုပ်ငန်းအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန်၊
(ဃ) လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊
(င) Stakeholder များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့်
(စ) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့တွင် စာရင်းပညာဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ❍



၈-၁၂-၂၀၂၂ ရက်နေ့တွင် ဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်)ကို တွေ့ရစဉ်။

**"နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံးတွင် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန်အတွက် ဒီပလိုမာစာရင်းကိုင်သင်တန်း (Diploma in Accountancy – DA) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (Certified Public Accountant – CPA) များကို ရန်ကုန်သင်တန်းကျောင်းနှင့် နေပြည်တော်သင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယနေ့အထိ ဒီပလိုမာစာရင်းကိုင်သင်တန်းအောင်မြင်ပြီးသူ ၄၇၁၄ ဦးနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအောင်မြင်ပြီးသူ ၂၆၆၆ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်"**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၉၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၁၄,၀၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၈၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၃)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

○ စာမျက်နှာ ၁၆ မှ

**စဉ်ဆက်မပြတ်လေ့ကျင့်ပေး**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အနေဖြင့် “ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေးထိန်းကျောင်းပေး” ဆောင်ပုဒ်အတိုင်း အလေးထား လိုက်နာဆောင်ရွက်လျက် ရှိသည်။ စာရင်းစစ်စံများကို ဌာနတွင်းသင်တန်းများတွင် စဉ်ဆက်မပြတ် တိုးချဲ့သင်ကြားပေးခဲ့သည်။ ကျွမ်းကျင်သော စာရင်းပညာရှင် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်စေရေး စီမံကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအဆင့်မီ နည်းစနစ်များဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချမှုအနေဖြင့် အခြေခံအဆင့်တွင် အမှတ်စဉ် (၂၃၃) အထိ သင်တန်းသား ၄၀၂၉၁ ဦး၊ အလယ်အလတ်အဆင့်တွင် အမှတ်စဉ် (၁၀၀) အထိ သင်တန်းသား ၂၆၁၄ ဦးနှင့် အဆင့်မြင့်အဆင့်တွင် သင်တန်းသား ၁၃၉၂ ဦးတို့ကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ လေ့ကျင့်မွေးထုတ်ပေးရာ၌ အရေအတွက်သာမက စာရင်းစစ်တို့ စောင့်ထိန်းကြရမည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ စိတ်ဓာတ်နှင့်ခံယူချက်မြင့်မားရေးတို့ကိုပါ အလေးထား လေ့ကျင့်သင်ကြားလျက်ရှိသည်။

**ဒီပလိုမာနှင့်ဘွဲ့လွန်သင်တန်းများ**

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံးတွင် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန်အတွက် ဒီပလိုမာစာရင်းကိုင်သင်တန်း (Diploma in Accountancy – DA) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (Certified Public Accountant – CPA) များကို ရန်ကုန်သင်တန်းကျောင်း နှင့် နေပြည်တော် သင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယနေ့အထိ ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်မြင်ပြီးသူ ၄၇၁၄ ဦးနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအောင်မြင်ပြီးသူ ၂၆၆၆ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။



၁၉၉၃ ခုနှစ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်)ကို တွေ့ရစဉ်။

**စိန်ရတုလွတ်လပ်ရေးနေ့နှင့်အတူ ဂုဏ်ယူဖွယ်ရာ**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ၁၉၄၈ ခုနှစ် နိုင်ငံတော်လွတ်လပ်ရေးရပြီးနောက် စတင်သန္ဓေတည်ခဲ့ရာမှ ယခုအခါ စိန်ရတုကာလ ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်)ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အဆင့်မြင့်မြင့် ခမ်းနားစွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးကာလတွင် “ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ထိန်းကျောင်းပေး” ဆောင်ပုဒ်အတိုင်း စာရင်းစစ်တို့၏ ကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်က ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် နိုင်ငံတော်နှင့် ဌာနအတွက် အနာဂတ်စာရင်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်သွားမည့် အမိကျောင်းတော်ကြီးဖြစ်ပါတော့သည်။ ။

○ ကျောဖုံးမှ

အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

**ကျန်းမာပျော်ရွှင်လျက်ရှိ**

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ယခုအသက် ၄ လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၆ လက်မ၊ ကိုယ်အလေးချိန် ၃၁၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**သထုံ ဒီဇင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လှမဉ္ဇူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၂)သထုံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာကြည်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငွေက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး အထက(၂) သထုံကျောင်းမှ Grade –11 ကျောင်းသား ကျောင်းသူ ငါးဦးတို့က “လူငယ်နှင့် ကိုယ်ကျင့်တရား”၊ “လူငယ်နှင့် စာပေ”၊ “လူငယ်နှင့် အားကစား”၊ “လူငယ်နှင့် ပညာရေး”ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို



ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြပြီး မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးသူရွှေထုံခင်သီတာလှိုင်က လူငယ်များစာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၇-၁၂-၂၀၂၂ ရက်မှအဆက်

'မ' ရဲ့မောင် ...

'မ' ကြာကြာရပ်နိုင်မယ်မဟုတ်တော့ဘူး မောင်ရေ။

ဒဏ္ဍာရီပုံပြင်လေးတွေအတိုင်း မောင်နဲ့ 'မ' ရဲ့ ဇာတ်လမ်းဟာ တကယ်ဖြစ်လာလိမ့်မယ်လို့လည်း 'မ' မယုံရဲဘူး။ မမျှော်လင့်ရဲတော့ပါဘူးရှင်။

မောင်ပြောတဲ့အတိုင်းပါပဲ။ ဒဏ္ဍာရီပုံပြင်လေးတွေဆိုတာ အသည်းနုတဲ့လူတွေ၊ စိတ်ကူးယဉ်တဲ့လူတွေသာ ဖြစ်နိုင်တယ်ဆိုတာ တကယ်ပဲဖြစ်နေမလားလို့ 'မ' တော့ တွေးရင်းကြောက်လာပြီ။

စိတ်ဆိုတာလည်း ငှက်မွေးကလေးလို ပေါ့ပါးရင်တော့ အကောင်းသားပဲနော်။ လွတ်လွတ်ကင်းကင်း လွင့်ချင်ရာ လွင့်နိုင်တာပေါ့။

ခုတော့ ပင့်ကူအိမ်တွယ်သလို တွယ်ငြိစရာတွေက အများကြီးမဟုတ်လား မောင်၊ တစ်နေရာက လွတ်ပေမယ့် တစ်နေရာမှာလာပြီး ငြိတွယ်နေတတ်တယ်။

ဇွတ်ရုန်းမှလွတ်မယ်ဆိုတာ 'မ' သိပါတယ်မောင်။ ဒါပေမဲ့ ပြတ်ထွက်သွားအောင်ရုန်းဖို့ 'မ' မှာ အားမရှိဘူး... မောင်။ 'မ' တစ်ခါပြောဖူးတယ်မဟုတ်လား။ 'မ' အနားမှာ မောင်ရှိနေသရွေ့ 'မ' သတ္တိဟာ နည်းနည်းမှ မလျော့နိုင်သေးဘူးဆိုတာ။ ခု မောင်လည်း 'မ' အနားမှာမရှိတဲ့နောက်၊ 'မ' သတ္တိဟာ တဖြည်းဖြည်း လျော့လျော့လာပြီ။

'မ' အိမ်နဲ့ပတ်သက်ပြီး 'မ' ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ မောင်အသိဆုံးပါနော်။ အထူးသဖြင့် ဒီအဖေကြီးအပေါ်မှာ 'မ'သံယောဇဉ်ဟာ ပိုပြီးကြီးမားဖွဲ့နှောင်ခဲ့တယ်။ ဒီလိုရေးလို့ မောင်စိတ်မငယ်ပါနဲ့နော်။

တကယ်တမ်းစဉ်းစားကြည့်ရင် တစ်ယောက်နဲ့အများ အားချင်းပြိုင်ဆွဲရာမှာ 'မ' ဟာ ခုထိ မောင့်ဘက်မှာ မဲတင်းနေပါတယ်။

တစ်ဖက်ကကြည့်မယ်ဆိုရင် လူဖြစ်လာကတည်းက တွယ်တာလာခဲ့ရတဲ့ သံယောဇဉ်ဟာ ဘယ်လောက်တောင် ကြီးမားလာရသလဲ။

ဒီကြီးမားတဲ့အားကို မောင်တစ်ယောက်နဲ့ အပြိုင်ဆွဲရာမှာတောင် 'မ' ဟာ မောင့်ဘက်မှာ မဲတင်းနေတယ်ဆိုတော့ 'မ' ရဲ့မေတ္တာအလေးဟာ မောင့်ဘက်မှာ စီးနေတယ်ဆိုတာ ထင်ရှားပါတယ်။




ဒါပေမဲ့ 'မ' အားလျော့နေတာ အမှန်ပဲမောင်။ မောင်နဲ့ 'မ' တွေ့ချင်ပါတယ်။ မောင့်မျက်နှာကိုမြင်လိုက်ရရင် 'မ' မှာ အားသစ်လောင်းသလိုပါပဲ။

တွေ့ချင်ပေမယ့် တွေ့ဖို့ကမလွယ်ဘူး မောင်။ အိမ်က 'မ' ကို ဘယ်မှထွက်ခွင့်မပေးဘူး။ 'မ' ထွက်လာရင် အိမ်ကိုမပြန်တော့ဘဲ တစ်ခါတည်းထွက်လာမှာပဲ မောင်။

ဒီလိုရုန်းထွက်လာဖို့ 'မ' မှာ သတ္တိမရှိဘူးဆိုရင်တော့ 'မ' ကို တစ်ခါတည်းသာ မုန်းလိုက်ပါတော့ မောင်။ အဲဒီဘဝမျိုးရောက်ရတဲ့အချိန်မှာဆိုရင် 'မ' ဟာ မျက်ရည်အိုင်ထွန်းပြီး နစ်နေမလား။ သွေးချောင်းထဲမှာ မျောနေမလားဆိုတာ မောင်သာ စောင့်ကြည့်နေပါတော့။ 'မ' ရဲ့မေတ္တာကို သွေး (သို့မဟုတ်) မျက်ရည်နဲ့သာ သက်သေတည်ပါစေလို့သာ နောက်ဆုံးပြောပါရစေမောင် ...။

မောင့်ရဲ့ ... 'မ'။

'မ' မျက်ရည်များသည် စာရွက်ပေါ်သို့ တစ်ပေါက်ချင်း ကျ၍လာသည်။

သည်အခါတွင်ဝိုင်းစက်သောစာလုံးကလေးများသည် မျက်ရည်ပေါက်ထဲတွင် ပြန့်၍သွားသည်။ 'မ' သည် မင်နှိပ်စက္ကူဖြင့် စာရွက်ကိုဖိလိုက်သည်။

ပြီးမှ စာရွက်ကို ခပ်ဖွဖွကိုင်မြှောက်လိုက်ပြီးလျှင် လေဖြင့် အသာမှုတ်လိုက်သည်။

မောင်အေးဝင်လာသောအခါ 'မ' သည် စာရွက်ကို သပ်သပ်ရပ်ရပ်ခေါက်၍ စာအိတ်ထဲသို့ ထည့်ပိတ်လိုက်သည်။ 'မ' သည် စာအိတ်ကို မောင်အေးလက်ထဲသို့ လှမ်းပေးလိုက်သည်။

"မောင်အေးရေ ... မင်း ကနေ့အပြင်ထွက်ရင် ဒီစာကို ဆရာ့ဆီအရောက်ပို့ပေးစမ်းပါကွယ်"

"ဟုတ်ကဲ့ ...မမ၊ စိတ်ချပါ၊ တော်တော်ကြာရင် ကျွန်တော် အပြင်ထွက်သွားမှာပါ။ ဆရာ့ဆီကို တစ်ခါတည်းဝင်ခဲ့ပါ့မယ်"

မောင်အေးထွက်သွားမှ 'မ' သည် သက်ပြင်းကိုချလိုက်ရင်း အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။

ရင်တွင်း၌ လောင်ကျွမ်းနေသောမီးလျှံသည် 'မ' ခေါင်းထဲသို့ လွန့်၍...လွန့်၍ တက်လာသည်။

သည်အခါတွင် 'မ' ဦးနှောက်တစ်ခုလုံးသည် မီးခိုးငွေ့များဖြင့် ပိတ်ဖုံးလျက်ရှိလေတော့သတည်း။

[ ၁၉ ]

ဘလှသန်းထွန်းကို တွေ့သောအခါ မော်သည် တအားဖက်၍ ငိုလိုက်သည်။

ဘလှသန်းထွန်းကမူ မော်၏ပခုံးလေးကို ခပ်ကြမ်းကြမ်းဆွဲ၍ နောက်သို့ တွန်းပစ်လိုက်ပြီးလျှင် မှုန်သိုးသိုးဖြင့် စိုက်၍ကြည့်နေလိုက်သည်။

မော်သည် ဘလှသန်းထွန်းကိုသာ တောင်းပန်တိုးလျှိုးသော မျက်နှာကလေးဖြင့်ကြည့်နေရင်း မျက်ရည်များ အဆက်မပြတ် ကျလာတော့သည်။

"ကဲ ... ကိုယ့်ကိုတွေ့ချင်တဲ့အကြောင်းလည်းပြောစမ်းပါဦး မော်"

ဘလှသန်းထွန်း၏အသံမှာ မာကျောလှသည်။ ကိုယ်က အသနားခံရမည့်ဘဝရောက်နေသည့်အခါ အားကိုးရမည့်သူကို ရှာခဲ့သည်။ အားကိုးရမည့်သူက တွေ့သည့်အခါ၌လည်း အားကိုးရမည့်သူ၏ မျက်နှာမှာ တင်းမာလှသည်။

အသံက မာကျောလှသည်၊ ဆက်ဆံပုံက ခက်ထန်လှသည်။ ထို့ကြောင့်လည်း မော့်မှာ ပြောရမည့်စကားကို မထွက်ရဲအောင်ရှိတော့သည်။

ပြော၍ အကြောင်းထူးမည်မဟုတ်လျှင် ပို၍သာနာကြည်းဖို့ကောင်းတော့မည်။

သို့သော် မော်အတွက်ကား ဘလှသန်းထွန်းကလွဲ၍ အားကိုးရမည့်သူ မရှိ၊ ပြောစရာလူ မရှိ၊ ကိုခင်မောင်ကြည်ဆိုသည်မှာလည်း မျက်နှာချင်းဆိုင်ပင် မခံချင်တော့ချေ။

မော်သည် ခြောက်ကပ်နေသော နှုတ်ခမ်းကလေးကို လျှာဖြင့်ပွတ်လိုက်ရင်း တုန်ယင်သောအသံဖြင့် ပြောလိုက်မိသည်။

"ဒီတစ်ခါတော့ ဂျော်နီ့ကို မော် အားကိုးပါရစေ။ မော့်ကို ကယ်ပါတော့ဂျော်နီရယ်။ ဂျော်နီကလွဲလို့ မော့်မှာ ကယ်မယ့်သူမရှိတော့ဘူး ... သိလား'

ဘလှသန်းထွန်းသည် မော်၏ပခုံးကလေးကို တစ်ချက်မျှဆောင့်၍ဆွဲလိုက်ရင်း နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"နေစမ်းပါဦး ... ကိုယ်က ဘယ်လိုကယ်ရမှာလဲ။ မော့်မှာ ဘယ်လိုဒုက္ခတွေများရောက်နေလို့လဲ"

မော်သည် သူ၏ တဆတ်ဆတ်တုန်နေသောနှုတ်ခမ်းကလေးကို အတင်းစေ့ထားလိုက်ရင်း အားယူ၍ ပြောလိုက်ရှာသည်။

"ဂျော်နီ လက်ခံမယ်ဆိုရင် မော် အိမ်မပြန်ပါရစေနဲ့တော့။ ဂျော်နီနဲ့အတူနေပါရစေ။ မော့်ကိုလက်ခံပါနော်"

ဘလှသန်းထွန်းသည် သံကြောင်ကလေးဖြင့် ရယ်လိုက်ရင်း မော့်မျက်နှာကို ဆွဲ၍မော့လိုက်သည်။

"ဩော် ... ဒီလိုလား၊ ဒါဖြင့် အမေရိကန်ပြန်ကြီးဆီရော ဘာလို့မသွားသလဲ။ ဟိုက လက်မခံလို့မဟုတ်လား'

ဘလှသန်းထွန်း၏စကားသည် မိုးကြိုးသွားကဲ့သို့ မော့်အတွက် မျှော်လင့်အားထားချက်တစ်ခုလုံးကို အစိတ်စိတ်အမြွာမြွာ ကွဲအက်ကြေပျက်စေတော့သည်။

"ဒီလိုမပြောပါနဲ့ ဂျော်နီရာ၊ ကိုကိုကြည်နဲ့ မော်က ရိုးရိုးခင်တာပါ။ မော့်ကို အထင်မလွဲပါနဲ့ ဂျော်နီရယ်"

ဘလှသန်းထွန်းသည် ဟားတိုက်၍ ရယ်လိုက်ပြန်သည်။ တစ်ယောက် ငိုရမည့်အရေးနှင့် ကြုံနေသော်လည်း တစ်ယောက်ကမူ ရယ်စရာတစ်ခုလို သဘောထားနေသည်မှာလည်း အမှန်တော့ အံ့ဩစရာကောင်းတော့သည်။

မော်သည် တွယ်ရာမဲ့သူကဲ့သို့ ဘလှသန်းထွန်းကိုသာ တအားဖက်တွယ်ထားမိလေသည်။

ဘလှသန်းထွန်းသည် မော့်လက်များကို အတင်းပုတ်ချလိုက်သည်။

မော်က ဘလှသန်းထွန်းကို မျက်နှာငယ်ကလေးဖြင့် စိုက်ကြည့်နေရင်းမှ ဝမ်းနည်းပက်လက် တောင်းပန်လိုက်သည်။

တစ်ခါတုန်းက ဂျော်နီပြောခဲ့တဲ့စကားတွေမေ့ပြီလား။ ဒီနှစ်အောင်ရင် လက်ထပ်မယ်ဆို။ မော့်အတွက်ကြောင့် ဂျော်နီ့ပညာရေးကို မထိခိုက်စေရပါဘူး ဂျော်နီ"

"ဟိုတုန်းကပြောခဲ့တာက ဟိုတုန်းက အခြေအနေ၊ ခု တစ်မျိုးဖြစ်နေပြီ။ အပြောင်းအလဲဆိုတာရှိတာပဲ။ ကိုယ့်စိတ်ကို ဒီလိုပြောင်းလဲအောင်လုပ်တာ မင်းပဲ မော်"

ဂျော်နီက အင်္ဂလိပ်လို ခပ်တင်းတင်း ပြန်၍ပြောလိုက်သည်။ မော့်မျက်နှာကလေးတစ်ခုလုံးကား နီမြန်း၍လာတော့သည်။ မော်သည် နှုတ်ခမ်းကလေးကိုကိုက်ထားရာမှ ဂျော်နီကို အင်္ဂလိပ်လိုပင် ပြန်၍ပြောလိုက်သည်။

"ကိုယ့်ကိုယ့်ယူဖို့ မင်းမှာတာဝန်ရှိတယ်။ ကိုယ့်အရှက်ကိုကာကွယ်ဖို့ မင်းတစ်ယောက်ပဲရှိတယ်။ မင်း ကိုယ့်ကို သစ္စာမဖောက်ပါနဲ့"

ဘလှသန်းထွန်းသည် မော့်စကားကို နားထောင်ရင်း မခိုးမခန့်ဖြင့် ရယ်လိုက်ပြန်သည်။

ပြီးမှ မျက်နှာထားခပ်တင်းတင်းဖြင့် တစ်လုံးချင်း ပြန်မေးလိုက်သည်။

"မင်းအရှက်ကိုကာကွယ်ဖို့ ကိုယ်တစ်ယောက်တည်းပဲ ရှိသလားဟင်။ ကိုယ့်အပြင် ဘယ်သူမှမရှိတော့ဘူးလား။ သေသေချာချာလည်း စဉ်းစားပါဦး။ မစ္စတာရှားမားရော မကာကွယ်နိုင်ဘူးလား။ မိုက်ကယ်ဘအေးတို့၊ ကိုညွန့်တင်တို့ရော ဘယ်သွားထားမလဲ။ မင်းနဲ့အမြဲတွဲနေတဲ့ ဦးခင်မောင်ကြည်ကရော မင်းကို အကာပ်မခံတော့ဘူးတဲ့လား။ ဦးခင်မောင်ကြည်က မင်းအစ်မနဲ့ လက်ထပ်တော့မှာမို့ မင်း ငါ့ဆီအပြေးလာတာမဟုတ်လား"

"မင်း ငါ့ကို အရမ်းမစွပ်စွဲနဲ့။ မင်းဟာ ယောကျ်ားမဟုတ်ဘူး။ သစ္စာမရှိဘူး။ မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ လူယုတ်မာ။ မင်း လူယုတ်မာ"

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"တကယ်တမ်းစဉ်းစားကြည့်ရင် တစ်ယောက်နဲ့အများ အားချင်းပြိုင်ဆွဲရာမှာ 'မ' ဟာ ခုထိ မောင့်ဘက်မှာ မဲတင်းနေပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် လူဖြစ်လာကတည်းက တွယ်တာလာခဲ့ရတဲ့ သံယောဇဉ်ဟာ ဘယ်လောက်တောင် ကြီးမားလာရသလဲ။ ဒီကြီးမားတဲ့အားကို မောင်တစ်ယောက်နဲ့ အပြိုင်ဆွဲရာမှာတောင် 'မ' ဟာ မောင့်ဘက်မှာ မဲတင်းနေတယ်ဆိုတော့ 'မ' ရဲ့ မေတ္တာအလေးဟာ မောင့်ဘက်မှာ စီးနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ 'မ' အားလျော့နေတာ အမှန်ပဲမောင်။ မောင်နဲ့ 'မ' တွေ့ချင်ပါတယ်။ မောင့်မျက်နှာကိုမြင်လိုက်ရရင် 'မ' မှာ အားသစ်လောင်းသလိုပါပဲ။ တွေ့ချင်ပေမယ့် တွေ့ဖို့ကမလွယ်ဘူးမောင်။ အိမ်က 'မ' ကို ဘယ်မှထွက်ခွင့်မပေးဘူး။ 'မ' ထွက်လာရင် အိမ်ကိုမပြန်တော့ဘဲ တစ်ခါတည်း . . ."**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆F[၁၁])၊ မြေကွက်အမှတ်(၂၁၀/က)၊ (အလျား ၂၀ပေ x အနံ၈၀ပေ)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူဒေါ်ဥမ္မာလှိုင် [၁၂/ကမတ(နိုင်)၀၃၁၉၂၃]အမည်ပေါက်ကြောင်း၊ ရောင်းချခြင်းဖြင့်စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဦးမြင့်ကြည် [၁၂/စခန(နိုင်)၀၁၃၂၆၃]၊ (၂)ဦးယုထွန်း[၆/ထဝန(ပြု)၀၀၀၀၉၃]၊ (၃)ဦးသန့်ထက်ဇော်[၁၂/ကမရ(နိုင်)၀၅၃၀၈၂]တို့မှ အပြီးအပိုင် ဝယ်ယူရန်ရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ) ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၅၂၅/ခ)၊ ဒေါ်စန်းစန်းအေး (K/RGN–၀၂၆၆၆၈) အမည်ပေါက် ပါမစ်မြေကွက်၊ (၁၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူထားသော ဒေါ်ဝင်းမာ [၇/ရကန(နိုင်) ၀၀၂၃၆၇] က ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီထွေး [၁၂/ဥကတ(နိုင်)၀၃၁၄၇၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းငွေး (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်–၂၂၅၆/ ၂၂–၇–၁၉၈၂)**
**အမှတ်(၂၂၀/ခ)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၇၉၉၉၂၉၂၆၃၊ ၀၉–၉၆၀၁၇၁၉၁၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၁/၂၀၂၀)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၁၁)နေ ဒေါ်ရှုအင်[၁၂/သလန(နိုင်)၀၇၅၂၃၈]မှ အောက်ပါအတိုင်းကြေညာအပ်သည်မှာ (၂၀–၈–၂၀၂၀)ရက်နေ့တွင် သန်လျင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှုအင်(ဘ) ဦးကျွိတီး(ခ) ဦးအုန်းရှင်[၁၂/သလန(နိုင်)၀၇၅၂၃၈] မှ ဦးထွန်းနိုင်ဝင်း(ဘ) ဦးသန်းဝင်း[၁၂/သလန(နိုင်)၀၇၅၄၁၄]အား လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၂၉၁/၂၀၂၀ ကို ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ အပြီးအပြတ်ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရှုအင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းလှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၁၄)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၇၃၁၀၈၃၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၃၃၂)ဟုခေါ်တွင်သော အကွက်အမှတ်–၆၁၆၊ ဂရန်ကြီးကွင်း၊ ဦးပိုင်အမှတ်–၆/၄၇၊ ဧရိယာ–၀.၁၁ ဧကရှိသော ဦးကျော်ကျော်၊ ဒေါ်စန်းစန်းကြည် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို လက်ရှိထားဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မိုမိုဟန်[၁၂/ဒဂမ(နိုင်)၀၁၁၇၇၈]နှင့် ဒေါ်ဆုမြတ်ဟန်[၁၂/ဒဂမ (နိုင်)၀၂၀၉၉၈]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျင်ငြိမ်း[၁၂/ကတန(နိုင်)၀၄၁၈၁၀] က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သော်သော်မင်းလွင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၃/၂၀၁၅)**
**အမှတ်–၃၃၁(ခ)၊ အောင်မင်္ဂလာ(၂)လမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့။ ဖုန်း–၀၉–၅၀၉၇၀၈၄၊ ၀၉–၇၉၉၄၄၈၂၁၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(၄၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၇၂၇)၊ ပေ၄၀xပေ၆၀ ရှိ ဦးစန်းမောင် နှစ်(၆၀) ဂရန်အမည်ပေါက်မြေကွက်အနက်မှ ပေ၂၀x ပေ၆၀ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်အေး [၁၂/ဥကမ(နိုင်)၁၀၃၃၂၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးလင်းအောင် (LL.B, D.M.L)** | **ဒေါ်ငွေးငွေးဝင်း(LL.B, D.B.L, B.A.S)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၈၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၃၉၃)** |

**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၃)၊ Strand– Condo၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၇၂၄၄၃၅၊ ၀၉–၄၄၃၀၁၇၅၄၀**

## ကွယ်လွန်သူ ဦးလှသိန်း (ခ) ကာစင်ဘိုင် (၁၂/ပဘတ (နိုင်) ၀၂၀၇၇၈)၏ဇနီး ဒေါ်တင်ပပလွင် (၁၂/တမန (နိုင်) ၀၂၀၆၀၀)၊ အမွေစားအမွေခံများအားလုံး နှင့် အများသိစေရန်ကြေညာခြင်း

ကွယ်လွန်သူ ဦးလှသိန်း (ခ) ကာစင်ဘိုင် မကွယ်လွန်မီတွင် ကျွန်ုပ်တို့မိတ်ဆွေထံမှ ရယူထားသော ငွေကြေးများနှင့်ပတ်သက်၍ စာချုပ်စာတမ်းများနှင့်အထွေထွေကိုယ်စားလှယ်လွှဲစာအပါအဝင် အစ္စလာမ်ဓလေ့ထုံးတမ်းအရ သေတမ်းစာတစ်စောင်အား ရေးသားပေးအပ်ထားခဲ့ပါသည်။ ထိုငွေကြေးများနှင့်ပတ်သက်၍လည်း ဦးလှသိန်း မကွယ်လွန်မီ ကျွန်ုပ်မိတ်ဆွေနှင့် ဦးလှသိန်း၏ မိသားစုဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် (၁၁–၁၀–၂၀၂၂) ရက်နေ့တွင် ဦးလှသိန်း (ခ) ကာစင်ဘိုင်မှာကွယ်လွန်ခဲ့ပြီးဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေထံမှ ရယူခဲ့သောငွေကြေးများအား ပေးဆပ်ရန်အတွက် ၎င်း၏မိသားစုများထံသို့ (၂–၁၁–၂၀၂၂) ရက်နေ့တွင် အကြောင်းကြားစာပေးပို့ထားပြီးလည်းဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့မိတ်ဆွေမှ ဆက်လက်စောင့်ဆိုင်းတော့မည်မဟုတ်ပါသဖြင့် ကွယ်လွန်သူ ဦးလှသိန်း(ခ) ကာစင်ဘိုင်၏ဇနီးနှင့် မိသားစုဝင်များမှ ဤကြေညာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံမှ ရယူထားသော ငွေကြေးများအား ပြန်လည်ပေးဆပ်ပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ထပ်မံသိစေအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ – | |
|---|---|---|
| ဦးစိုးမြင့် | ဒေါ်အိအိခင် | ဒေါ်ကေခိုင်ဝန်း |
| ၁၂/ကတတ (နိုင်) ၀၂၇၂၂၆ | LL.B., LL.M., D.M.L (စဉ်–၉၇၉၅) | LL.B (စဉ်–၁၇၄၇၁) |

**တရားလွှတ်တော်ရှေ့နေများ**
အမှတ် (၂၃၈)၊ အနော်ရထာလမ်း၊ ၈–ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၅၀၀၃၄၁၀၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈– U10)၊ မြေကွက်အမှတ်(၇၄)၊ အကျယ်အဝန်း (အလျား ၆၀ပေ x အနံ ၈၀ပေ)၊ ဧရိယာ(၀.၁၁၀)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈–U10) ရပ်ကွက်၊ ပြည်ချမ်းသာ(၁)လမ်း၊ အမှတ်(၇၄)ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးဇော်ဝမ်းအမည်ဖြင့် အမည်ပေါက်ထားပြီး အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်ဖြင့် တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မျိုးမျိုး [၁၂/ကမရ(နိုင်) ၀၅၀၇၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ် မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြလှဲ့ဝင်း (L.L.B) အထက်တန်းရှေ့နေ(စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## "ဒေါ်ခင်ခင်မြင့် [၁၂/အစန(နိုင်) ၀၂၄၀၄၀]သိရှိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စကားစိမ်းလမ်း၊ အမှတ်(၉၄)နေ ဒေါ်သန်းသန်းကြည် [၁၂/အလန(နိုင်)၀၁၂၇၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ဒေါ်ခင်ခင်မြင့် အမည်ဖြင့် တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန၏ (၁၉–၃–၁၉၉၃)ရက်စွဲပါ စာအမှတ် ၂၆၇/၇၀/၃(ခ)ရရှိပြီးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ တာခွကျေးရွာ၊ အင်းယက်ကြီးကွင်း၊ ကွင်းအမှတ်–၆၇၈က၊ ဦးပိုင်အမှတ်–၅၇/၀၊ ဧရိယာ(၀.၅၃)ဧကရှိ မြေအား ဒေါ်သန်းသန်းကြည်က ဒေါ်ခင်ခင်မြင့်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းနှင့် အဆိုပါမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာန၌ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဒေါ်ခင်ခင်မြင့်ထံဆက်သွယ်အကြောင်းကြားခဲ့သော်လည်း မည်သို့မျှ အဆက်အသွယ်မရဖြစ်နေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ခင်ခင်မြင့် အနေဖြင့် ဤသတင်းစာကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်သန်းသန်းကြည် ထံသို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်ဇော်(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၇၈/၁၆)**
**အမှတ်–၅၆၅၊ ပထမထပ်၊ (MAC Tower) ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၄၂၄၃၂၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ (ယခင်အခေါ်) ရတနာမြိုင်စုပေါင်းအဆောက်အအုံ (ယခုအခေါ်) အနောက်အောင်မြေသာစည်အိမ်ရာ၊ တိုက်(၆)၊ ဒုတိယထပ်၊ အခန်းအမှတ်–၂၀၄ ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးငြိမ်းမောင်အမည်ဖြင့် တည်ရှိနေပါသည်။ ဦးငြိမ်းမောင်သည် (၈–၆–၂၀၁၁)ရက်တွင် ကွယ်လွန်ခဲ့၍ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် ဦးငြိမ်းမောင်၏ ဇနီးဖြစ်သူ ဒေါ်တင်ရီထံမှ အထက်ပါတိုက်ခန်းအား စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမျိုးမြင့်အောင်[၉/တသန(နိုင်)၁၄၀၁၉၂]၊ ဒေါ်ဝေလွင်ခိုင်[၁၂/ကမတ(နိုင်)၀၆၆၂၅၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၅၅၃)** | **(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၉၂၃)၊ မြေကွက်တည်နေရာအမှတ်(၉၂၃)၊ သဇင်မြိုင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးသိန်းလွင်) [၁၂/သကတ(နိုင်)၁၀၆၄၀၄] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးသိန်းလွင်(ဖခင်)၊ ဒေါ်တင်အေး(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဦးမျိုးဝင်း[၁၂/သကတ(နိုင်)၁၀၆၃၅၂]၊ (၂)ဦးကျော်ဝင်းဦး[၁၂/သကတ(နိုင်)၁၀၉၀၅၃]၊ (၃)ဒေါ်သန္တာဦး[၁၂/သကတ(နိုင်)၁၀၇၄၁၇]၊ (၄)ဦးအောင်ကျော်ဦး[၁၂/သကတ(နိုင်)၀၃၉၄၇၆]၊ (၅)ဦးသက်လွင်ဦး[၁၂/သကတ(နိုင်)၀၂၀၁၈၃]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ကွယ်လွန်သူမိဘများသည် မွေးချင်းများအဖြစ် ၎င်းတို့မောင်နှမ (၅)ဦးသာမွေးဖွားခဲ့ပြီး အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသား/သမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ၊ မိခင်/ဖခင်သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့ပူးတွဲ၍ ၎င်းတို့(၅)ဦးအနက်မှ ကိုယ်တိုင်နှင့် ကျန်(၄)ဦးထံမှ GP အမှတ်(၁၅၁၉၄/၂၅–၈–၂၀၂၂)ဖြင့်ရရှိသူ ဦးမျိုးဝင်းက ပါဝါ၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ရွှေဂုံတိုင်တာဝါ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(၅၀၄)ကို ဌာနနှင့် အကျိုးတူဆောင်ရွက်သော ရွှေကျားပျံဆောက်လုပ်ရေးမှ အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ညို[၁၂/ဒဂန(နိုင်)၀၀၃၇၂၄]က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကြော်ငြာခြင်း

ဒေါ်ခင်အေးကြူအမည်ဖြင့် တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ ကျောက်စိမ်း(၉)လမ်း၊ မြေကွက်အမှတ်(၆၅၇)ရှိ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)မြေကွက်အား အမွေဆက်ခံခွင့်ရှိသူ ဦးစန်းမြင့်မောင်[၁၂/ကမရ(နိုင်)၀၁၄၆၈၈]ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်လင်း(LL.B) အထက်တန်းရှေ့နေ(စဉ်–၂၇၈၃၅)**
**ဖုန်း–၀၉–၄၂၁၁၅၁၆၀၉**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အဓိပတိလမ်းနှင့် အဓိပတိ(၃)လမ်းထောင့်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၀/Phase–2) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ်(၂၅၀/၄၀) တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် ဦးအောင်ဇော်နိုင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ ဦးစိုးနိုင် [၁၂/ဥကတ(နိုင်)၁၁၉၁၁၄]မှ တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ် သက်တမ်းပါမစ်မြေ အမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာအရှေ့ (၁၁)လမ်း၊ မြေကွက်အမှတ်(၄၈၅/က)၊ ဧရိယာ(အလျား၂၀ပေ x အနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်သိန်းသိန်းအမည်ပေါက် ဂရန်မြေအမျိုးအစားမြေထဲမှ (အလျား ၁၀ပေ x အနံ၆၀ပေ) အကျယ်အဝန်းမြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မွတ်စတာဘာဘီ[၁၂/သကတ(နိုင်)၂၃၅၆၉၂]မှ အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုစကားကမ်းလှမ်းရာ ကျွန်မ၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဒေါ်မွတ်စတာဘာဘီမှလည်း လက်ခံရယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအိမ်၊ ခြံ၊ မြေ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအိမ်၊ ခြံ၊ မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလင်း(LL.B, D.B.L) အထက်တန်းရှေ့နေ(စဉ်–၄၂၇၇၁)**
**Business & Legal advisor**
**တိုက် B–3(၁၀၁)၊ နှင်းဆီလမ်း၊ ဘိုလ်လိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၈၈၂၆၈၀၆၄၀**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၈) ရပ်ကွက်၊ တိုက်အမှတ်(၈၂)၊ ဒုတိယထပ်(ဝဲ)၊ ဧရိယာ (၁၅'x ၄၅') အကျယ်ရှိ လူနေတိုက်ခန်းနှင့် ပတ်သက်၍ ငှားရမ်းသူ ဒေါ်မိချို [၁၃/ကလန(နိုင်)၀၀၁၅၄၀] သိရှိစေရန် ကြော်ငြာခြင်း

အထက်ဖော်ပြပါ လူနေတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ထွန်း [၁၂/လမတ(နိုင်) ၀၁၈၇၅၆] မှ ငှားရမ်းသူဖြစ်သော ဒေါ်မိချို [၁၃/ကလန(နိုင်)၀၀၁၅၄၀] ထံသို့ (၁–၈–၂၀၂၂)ရက်မှ (၃၀–၉–၂၀၂၂)ရက်အထိ (၂)လ ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ပါသည်။ သို့ပါ၍ ငှားရမ်းသူမှ (၃၀–၉–၂၀၂၂)ရက်တွင် ငှားရမ်းသက်တမ်းကုန်ဆုံးသွားပြီဖြစ်ပါ၍ ငှားရမ်းခငွေဆက်လက်ပေးသွင်းရန် ပျက်ကွက်ခြင်းနှင့် ပိုင်ရှင်ထံသို့ ငှားရမ်းတိုက်ခန်းလက်ရောက်ပေးအပ်ရန် ပျက်ကွက်နေပါ၍ ပိုင်ရှင်မှ အကြိမ်ကြိမ် ဆက်သွယ်အကြောင်းကြားသော်လည်း ငှားရမ်းသူမှ ဆက်သွယ်၍ မရရှိပါသဖြင့် လူကြီးမင်းတို့ ချုပ်ဆိုထားသည့် (၂၂–၇–၂၀၂၂ ) ရက်စွဲပါစာချုပ်၏ စာမျက်နှာ(၂) စာပိုဒ်(၅)(ခ)ပါ သဘောတူကတိပြုချက်များအတိုင်း ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ ဖြစ်စေ လာရောက်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိအောင် LL.B, Dip in Business Law တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၆၄၁၈**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| (၁) | ၁၉၂/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း** ဖြူးဘူတာ (Waiting Shed) တည်ဆောက်ခြင်း အလျား(၄၂၀-ပေ) လုပ်ငန်း (လုပ်ငန်းဆက်) |
| (၂) | 12(T)16/MR/ CME | **DEMU (Diesel Electric Multiple Unit) အတွက် လိုအပ်သော ပစ္စည်း (၃)မျိုး ဝယ်ယူခြင်း**<br>- Air Compressor with Electric Motor (1)Set<br>- Air Compressor Starting Unit (1)Set<br>- Ni-Cd Alkaline Storage Battery (1) Set |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၃ . ၁၂ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၉. ၁၂ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–23–M၊ မြေအတန်းအစား–တတိယတန်းစား၊ မြေကွက်အမှတ်–၈၂၊ မြေအကျယ်အဝန်း ဧရိယာ(၀.၀၂၇)ဧကရှိ ဦးမြတ်ကိုကို အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အရပ်အခေါ်အမှတ်–၂၂၊ နွယ်နီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်)ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြတ်ကိုကို[၁၂/စခန(နိုင်)၀၀၀၈၄၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးထင်ကျော်**
**B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၃၁၅/၉၀)**

**ဒေါ်သက်လေးချို**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၂၀၈/၁၄)**

**အမှတ်–၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၂၄၃၅၆၈၊ ၀၉–၅၁၈၆၀၂၁၊ ၀၉–၄၂၀၀၂၄၂၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၂၊ မြေကွက်အမှတ်(၉၀၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေဟုခေါ်တွင်သော အမှတ်(၉၀၃)၊ ဦးကြင်ဥ (၃)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ် သော ဒေါ်မြင့်မြင့်ရီ [၁၂/ရကန(နိုင်)၀၃၀၇၈၁] ထံမှ SP ရရှိသူ ဒေါ်ကေသီဝေ[၉/မထလ(နိုင်)၀၇၉၀၉၇] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

